မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်မည့် ချောင်းကြီးချောင်းတံတား

တောင်ငူမြို့နယ် ထန်းပင်ကောက်ကျေးရွာအနီး၌ တည်ဆောက်ဖွင့်လှစ်

နေပြည်တော် မတ် ၂၈

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း တောင်ငူခရိုင် တောင်ငူမြို့နယ် ထန်းပင်ကောက်ကျေးရွာအနီးရှိ ချောင်းကြီးချောင်းတံတားသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၁၁နာရီခွဲက အဆိုပါတံတားမုခ်ဦး၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အလှူငွေပေးအပ်

ထို့နောက် တံတားဖြစ်မြောက်ရေးကော်မတီဝင် ဦးရန်အောင်လွင်က တံတားတည်ဆောက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဝန်ကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ချောင်းကြီးချောင်းတံတားသစ်ဖွင့်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ချောင်းကြီးချောင်းတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ မုခ်ဦး၌ အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်သည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❒

ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး

မန္တလေးတိုင်း စဉ့်ကူးမြို့နယ်၌ တည်ဆောက်ဖွင့်လှစ်ခဲ့သော လက်ပန်လှတံတား

သတင်းမှတ်စု
တင်မာဝင်း
မြကေခိုင်စိုး

သတင်းဓာတ်ပုံ
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် မတ် ၂၈

ယနေ့နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများသည် ကဏ္ဍတစ်ရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက်သာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ အနာဂတ်ကာလတွင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်စုံကဏ္ဍစုံကို ဟန်ချက်ညီညီ တစ်ပြိုင်တည်း တိုးတက်လာစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ဖွင့်လှစ်ပေးခဲ့

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းများအကြား လွယ်ကူစွာ သွားလာနိုင်စေရန် လမ်းများ၊ တံတားများ တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လာကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဒေသခံပြည်သူများ တိုးမြှင့်ခံစားရရှိစေရန်ရည်ရွယ်၍ မန္တလေးတိုင်း စဉ့်ကူးမြို့နယ် မန္တလေး-မတ္တရာ-မိုးကုတ် လမ်းမိုင်တိုင်အမှတ် (၄၉/၆)တွင် လက်ပန်လှတံတားကြီးကို ၂၀၀၉ခုနှစ် ဇူလိုင် ၂၄ရက်က ဖွင့်လှစ်ပေးခဲ့သည်။

၂၂၈စင်းမြောက်

လက်ပန်လှတံတားကြီးသည် မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းအကြား ထက်အောက်စုန်ဆန် ကုန်စည်ပို့ဆောင်ရာတွင် အထောက်အကူပြုလျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် ၂၂၈ စင်းမြောက် တံတားဖြစ်ပေသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၉ ရက်)

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီကြိုးပမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သို့ အရောက်လှမ်း

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် တပ်မတော်သည် ကိုယ့်ဒူးကိုယ်ချွန် ရပ်တည်လာခဲ့သည်မှာ (၆၅)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပေသည်။

တပ်မတော်သည် လွတ်လပ်ရေးတိုက်ပွဲဝင်ရန်အတွက် မျိုးချစ်သူရဲကောင်းများဖြင့် စတင်ဖွဲ့စည်းခဲ့သည့် တပ်မတော်ဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို အသက်ပေးကာကွယ်စောင့်ရှောက်သည်သာမက နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တိုင်း အမျိုးသားနိုင်ငံရေးကဏ္ဍမှာ မားမားမတ်မတ် ပါဝင်ထမ်းဆောင်ခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အသက်တမျှ အရေးကြီးပေသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုလည်း တပ်မတော်သည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်လက်တွဲပြီး စွမ်းစွမ်းတမံ ထမ်းရွက်လျက်ရှိသည်။

နိုင်ငံတော်၌ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ကြီးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားနေရေးသည် အဓိကပန်းတိုင်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများသည် ရည်မှန်းချက်တစ်နေရာတည်း၌ ရပ်တန့်သွားခြင်းမျိုးမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲ အမြဲတမ်း ရှင်သန်နိုးကြားစွာ လုပ်ကိုင်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဆတက်ထမ်းပိုး ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံရေးတည်ငြိမ်မှုရှိပြီး ရပ်ရွာအေးချမ်းသာယာ၍ တရားဥပဒေစိုးမိုးမှုရှိရေးကိုလည်း အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တပ်မတော်နှင့်ပြည်သူလက်တွဲ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခဲ့ရာ တစ်မျိုးသားလုံးမျှော်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး မကြာမီ ငွားငွားစွင့်စွင့် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

သို့ဖြစ်ပေရာ မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ရောက်ရှိရေး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့သည် ဆက်လက်၍ လက်တွဲညီညီ လျှောက်လှမ်းသွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ရက်၊ ဥပုသ်နေ့ ၂၉-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အင်္ဂုဇယမင်္ဂလာ ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ
၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၅။ အတီးပြိုင်ပွဲ
၈:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၂၅ ၇။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၈။ International News
၈:၄၅ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အကပဒေသာ
၄:၃၀ ၄။ လက်ဆင့်ကမ်းဝေ ဂီတအမွေ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၅ ၁၀။ ပရိယတ္တိသီချင်းဆိုပြိုင်ပွဲ (အပိုင်း-၃)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၉)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၃)
၁၉။ **သုခုမရင်ပြင်**
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်

လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား နယ်သာလန်နိုင်ငံ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား နယ်သာလန်နိုင်ငံ Ansaldo Thomassenကုမ္ပဏီမှ Manager Mr.Andries van de Wal နှင့်အဖွဲ့သည် မတ် ၂၆ရက် ညနေ ၅နာရီ မိနစ် ၂၀တွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ၏ ထိန်းချုပ်မှုစနစ်များအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၁၃)ဖြန့်ချိ

ရန်ကုန် မတ် ၂၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၃)၌ မှတ်ပုံတင်ရန်နှင့် ရွေးကောက်ပွဲကာလ အသုံးစရိတ်အတွက် နိုင်ငံရေးပါတီသစ်များ ရန်ပုံငွေရှာကြပြီ၊ ဦးရွှေအုံး (ပြည်ထောင်စု ဒီမိုကရေစီမဟာမိတ်အဖွဲ့)နှင့် တွေ့ဆုံခြင်း 'တစ်ခုတည်းသောထွက်ပေါက်က ရွေးကောက်ပွဲဝင်ပြီး လုပ်သွားရမှာပဲ မလုပ်ဘဲနေရင် မြုပ်သွားမယ်'၊ စာရွက်စာတမ်းပုံနှိပ်ဖြန့်ချိလိုသည့် နိုင်ငံရေးပါတီများ ပုံနှိပ်ထုတ်ဝေခွင့် မှတ်ပုံတင်ခြင်းအပြင် အာမခံကြေး ငွေကျပ်ငါးသိန်းပေးသွင်းရမည်၊ ဆရာဘုန်းလူလှရေးသော နိုင်ငံရေး မိတ်ဆက် 'အယူအဆနှင့် အကျိုးဆက်များ' စသည့် POLITICAL COLUMN ရွေးကောက်ပွဲ အထူးကဏ္ဍများနှင့်အတူ ကိုရီးယားကပေးမည့် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ပညာသင်ဆုများ လျှောက်ထားနိုင်၊ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှ အန္တရာယ်ရှိ အဆောက်အအုံ ၅၆ လုံး ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီး ၂၀ကို ဆောက်လုပ်ခွင့်ပေးမည်၊ အများပြည်သူစီးနင်းသော ဘတ်စ်ကားပေါ်တွင် ငယ်ရွယ်သော မိန်းကလေးများကို အဓိကပစ်မှတ်ထား၍ တစ်ဖက်နိုင်ငံ၌ ဝင်ငွေကောင်းသော အလုပ်ရမည်ဟု နှုတ်ဖြင့်သွေးဆောင်ဖြားယောင်းမှုပြုကာ ပြောဆိုနေသည့် မသမာသူလူတစ်စု ရှိနေ၊ မီးလောင်သွားသော သဃ်န်းကျွန်းဈေးကို ကျိုက္ကဆံဘုရားဝင်းတွင် ယာယီဈေးအဖြစ် သတ်မှတ်နေရာချထားပေးသွားမည် စသည့် ပြည်တွင်းရေးရာသတင်းများ၊ ဘီးရယ် မှန်ရယ် ကျောက်ပျဉ်ရယ် သနပ်ခါးတုံးနဲ့ရယ်.... Myanmar DISCOVERY၊ နွေအားလပ်ရက် အပန်းဖြေခရီးစုံလင်သွားလိုလျှင်....၊ ရခိုင်တို့ရဲ့ ချစ်စရာ့ရိုးရာသင်္ကြန်၊ သူ့ဘဝ သူ့ဒဿနကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးမူဝါဒ ဘာလဲ ဘယ်လဲ၊ လျှပ်စစ်ဓာတ်အားအတွက် နျူကလီးယားစွမ်းအင် ထုတ်လုပ်ရေးကို ရွေးချယ်လုပ်ဆောင်လာကြ၊ အိဒ်စ်ရောဂါ ပြန့်ပွားမှုကို ငှက်ပျောသီးက ဟန့်တားပေးနိုင်ဖွယ်ရှိ၊ မိုးခေါင်ရေရှားမှုကြောင့် တရုတ်ဒေသအချို့ ရေပြတ်လပ်၊ အိုဘားမား၏ အင်ဒိုနီးရှားခရီးစဉ် နှောင့်နှေးနေခြင်းက အာရှ၏ အဓိကမဟာမိတ်နှင့် နက်ရှိုင်းသောနှောင်ဖွဲ့မှုကို ဆုံးရှုံးစေမည်ဖြစ်၊ တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲ ပေါက်ကွဲမည့်အလားအလာရှိ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေငုတ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှုကို မတ် ၁၉ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်က လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း သက်ကြီးအင်ဂျင်နီယာ/ ဗိသုကာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် သက်ကြီးအင်ဂျင်နီယာ/ဗိသုကာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၀ရက်(စနေနေ့) နံနက် ၁၁နာရီတွင် လှိုင်တက္ကသိုလ်နယ်မြေ လှိုင်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

ကိုယ်တိုင်တက်ရောက်ပူဇော်ခံနိုင်သော အသက် (၇၅)နှစ်နှင့်အထက် အင်ဂျင်နီယာ/ဗိသုကာပညာရှင်ကြီးများသည် အမည်၊ မွေးသက္ကရာဇ်၊ ဘွဲ့/ဒီပလိုမာရသည့်ခုနှစ်၊ အထူးပြုဘာသာရပ်၊ တက်ရောက်ခဲ့သည့်ကျောင်း၊ ဆောင်ရွက်ခဲ့သည့် ဌာန/အဖွဲ့အစည်းအမည်၊ နောက်ဆုံးထမ်းဆောင်ခဲ့သည့် ရာထူး/အဆင့်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များကို ဖော်ပြ၍ ဖုန်း-၅၁၉၆၇၆ (လိုင်းခွဲ-၁၀၆/၁၀၃)သို့ ဧပြီ ၂ရက် (သောကြာနေ့) နောက်ဆုံးထား၍ ဆက်သွယ်ရမည်ဖြစ်သည်။

လှူဒါန်းနိုင်

အသင်းသားများအားလုံး တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် ငွေစာရင်းဌာန ဖုန်း-၅၁၉၆၇၆ (လိုင်းခွဲ-၂၀၆)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာ့ရန်ပုံငွေက ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအတွက် CCM အဖွဲ့အနေဖြင့် လုပ်ငန်းအောင်မြင်ရေး ကြီးကြပ်ဆောင်ရွက်မည်

နေပြည်တော် မတ် ၂၈

(၇)ကြိမ်မြောက် Myanmar-Country Co-ordinating Meeting (7th M-CCM Meeting) အစည်းအဝေးကို မတ် ၂၆ရက် နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ CCM ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ M-CCM အဖွဲ့ဝင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ရန်ပုံငွေက ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအတွက် CCM အဖွဲ့အနေဖြင့် လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် အချိန်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအတွက် ရန်ပုံငွေ (3D Fund) ကလည်း ကမ္ဘာ့ရန်ပုံငွေအဖွဲ့ကြီးမှ ရရှိမည့် ရန်ပုံငွေနှင့် ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် မည်ကဲ့သို့ ထပ်မံဖြည့်စွက် ပူးပေါင်းဆောင်ရွက်မည်ကို တင်ပြပေးရန် ဖိတ်ခေါ်ကြောင်း၊ လုပ်ငန်းတင်ပြချက်အပေါ် လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က (၆)ကြိမ်မြောက် M-CCM အစည်းအဝေးမှတ်တမ်းကို ဖတ်ကြား၍ အတည်ပြုချက်ရယူသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွက် ကမ္ဘာ့ရန်ပုံငွေအဆိုပြုလွှာ အပြီးသတ်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွက် ကမ္ဘာ့ရန်ပုံငွေ အဆိုပြုလွှာ အပြီးသတ်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွက် ကမ္ဘာ့ရန်ပုံငွေအဆိုပြုလွှာ အပြီးသတ် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို သက်ဆိုင်ရာ စီမံချက် မန်နေဂျာများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကမ္ဘာ့ရန်ပုံငွေ လျှောက်ထားမှုဆိုင်ရာ အဆိုပြုလွှာများနှင့် နောက်ဆုံးအဆင့်ပြင်ဆင်ရေးဆွဲရေးကို အဓိကရန်ပုံငွေကြီးကြပ်ရေးအဖွဲ့ UNOPS မှ Mr. Sanjay Mathur နှင့် Save the children အဖွဲ့မှ Ms. Naida Pasion တို့က တင်ပြဆွေးနွေးကြသည်။

ဝိုင်းဝန်းအကြံပြု

ထို့နောက် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ရန်ပုံငွေအထောက်အပံ့ဖြင့် စတင်လုပ်ငန်းဆောင်ရွက်နိုင်မည့်ရက် အဆိုပြုချက်ကို ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်ကလည်းကောင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့နှင့် ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို Mr. Mikko Lainojoki က လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးပွဲသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိ CCM ဥက္ကဋ္ဌ ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မိသားစုများ၏ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်အတွက် ရည်ရွယ်ဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲကို မတ်၁၉ရက် နံနက်၉နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းလက်မှတ်ပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စီးပွားရေးစောင့်ရှောက်မှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်သန်းဝင်းက သင်တန်းဆရာမများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပြီး အတွင်းရေးမှူး ဒေါ်သဇင်နွယ်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။

လိုက်လံကြည့်ရှု

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် သင်တန်းသူများ လက်တွေ့ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို လိုက်လံကြည့်ရှုကြသည်။

တက်ရောက်

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၈ရက်မှ မတ်၁၉ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ကာ သင်တန်းသို့ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်နှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း သင်တန်းသူ ၃၃ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသူတစ်ဦးကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

လှိုင်သာယာ၌ စက်ချုပ်မွမ်းမံသင်တန်းဆင်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော စက်ချုပ်မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို မတ်၂၃ရက် မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး ဆုရရှိသော သင်တန်းသားများအား ဆုငွေများနှင့် ဆေးရည်စိမ် ခြင်ထောင်များ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ပေးအပ်

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက စက်ချုပ်သင်တန်းသူများအား ပိတ်စများ ပေးဝေ၍ နမူနာအဖြစ်ချုပ်ပြစေပြီး သင်တန်းသူများသို့ သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းက သင်တန်းနည်းပြဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုစုပေါင်း သင်တန်းသူ ၁၂၀ တက်ရောက်ကြသည်။ (ဝ၉၇)

စက်ရုံလုပ်ငန်း
ပြည့်ဝန်ထမ်း
မြဲတမ်း
မီးသတိပြု

မြောက်ဥက္ကလာပ အထက(၂)၌ ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁၉ရက်က အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ရွှေက အမှာစကားပြောကြားသည်။

ဟောပြော

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က နံနက်ပိုင်းတွင် အထက်တန်းကျောင်းသား ကျောင်းသူများအား အောင်ချက်မြင့်မားရေးအတွက် အောင်မြင်လိုသော လူငယ်များအတွက် ဘဝရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အလယ်တန်းကျောင်းသား ကျောင်းသူ များအား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေးအားမာန် ခေါင်းစဉ်ဖြင့်လည်းကောင်း နှစ်ကြိမ်ခွဲ၍ ဟောပြောခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

Super Power အဆင့်မြင့် အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီ ရောင်းအားမြှင့် စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၈

Myanmar New Stars Industry Co., Ltd. ၏ Super Power နှင့် Speed အဆင့်မြင့် အင်ဂျင်ဝိုင်စက်ဆီ၊ ချောဆီဖြန့်ချိရေး ရန်ကုန်ရုံးချုပ်၌ သတ္တမအကြိမ်မြောက် ၂၀၀၉ ခုနှစ်အတွက် ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၁၁နာရီက Myanmar New Stars Industry Co., Ltd. ရုံးတည်ရှိရာ အမှတ်က-၃၉၊ အခန်း(၉)၊ ဘုရင့်နောင်ဈေးသစ်ကြီး၊ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။

ရှေးဦးစွာ Myanmar New Stars Industry Co., Ltd. ၏ Managing Director ဦးကိုလေးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ၂၀၀၉ခုနှစ် တစ်နှစ်တာကာလအတွင်း ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် ပထမဆုရ ကိုနေဝင်း (စာရေးကြီးကားပစ္စည်းဆိုင်) တောင်ကြီးမြို့၊ ဒုတိယဆုရ အန်တီဝင်း(တာယာ၊ ဘက်ထရီနှင့် အင်ဂျင်ဝိုင်ရောင်းဝယ်ရေး) ဘုရင့်နောင်ဈေးနှင့် တတိယဆုရ ကိုဝင်းထွန်း(ဝင်းထွန်းကားပစ္စည်းဆိုင်) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အရောင်းကိုယ်စားလှယ် ၃၂ ဦးအား ဂုဏ်ပြုငွေသားဆုများကိုလည်းကောင်း ပေးအပ်သည်။ ထို့အပြင် အရောင်း ကိုယ်စားလှယ် ၅၇ဦးတို့အားလည်း ရောင်းအားအမြင့်ဆုံး စွမ်းရည်အလိုက် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

Myanmar New Stars Industry Co., Ltd. အနေဖြင့် U.A.E နိုင်ငံမှနေ၍ Super Power နှင့် Speed အဆင့်မြင့် အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီများကို မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရရှိထားပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထပ်မံ၍ Super Rocket အင်ဂျင်ဝိုင် အမျိုးအစားသစ်တစ်မျိုးအား မှာယူတင်သွင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ လက်လီ လက်ကား ဝယ်ယူရောင်းချလိုသူများအနေဖြင့် ဖုန်း-၀၁-၆၈၆၂၆၃၊ ၆၈၆၇၂၇၊ ၆၈၁၈၉၄၊ ဖက်စ်-၆၈၆၃၀၆ တို့သို့ လည်းကောင်း၊ အထက်မြန်မာပြည်အတွက် အမှတ်-၃၃၀၊ ၈၂လမ်း၊ ၂၈လမ်း ၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၃၄၃၊ ၂၁၁၆၀ တို့သို့လည်းကောင်း ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြ ဘောလုံးသမားဟောင်းများအား အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

၂၀၁၀ခုနှစ် ဆဋ္ဌမအကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြ၊ ဘောလုံးသမားဟောင်းများအား အာစရိယပူဇော်ပွဲကို ဧပြီ ၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများနှင့် တပ်မတော်ဘောလုံးသမားဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းပူဇော်လိုသူများအနေဖြင့် ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၅၀၅၅၅၆၂၊ ဗိုလ်မှူးတင့်ဇော် ဖုန်း-၀၉-၅၀၄၈၂၈၉၊ ၀၉-၈၅၇၂၄၉၁၊ ဗိုလ်ကြီးတင်ကိုကိုမောင် ဖုန်း-၀၉-၅၁၈၅၄၆၁၊ အရာခံဗိုလ်အေးကြူကြီး ဖုန်း-၀၉-၂၀၂၈၈၀၅၊ ၀၁-၆၃၅၁၆၁၊ တပ်မတော်(ဒိုင်အဖွဲ့)ဖုန်း-၀၁-၆၃၅၆၃၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အာဖဂန်ဆိုင်ရာ ကုလသမဂ္ဂသံတမန်ကြီး လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့်တွေ့ဆုံ

ကဘူးလ် မတ် ၂၈

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံတမန်ကြီး စတာဖင်ဒီမစ်စတူရာသည် အာဖဂန်နစ္စတန်နိုင်ငံ၏ အဓိက လက်နက်ကိုင်တိုက်ခိုက်ရေးသမားများအနက် အုပ်စုတစ်စုမှ ကိုယ်စားလှယ်များနှင့် မတ် ၂၅ရက်က တွေ့ဆုံကြောင်း၊ ယင်းကဲ့သို့ တွေ့ဆုံခြင်းသည် အဆိုပါ အကြမ်းဖက်သမားများ အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်တွင် အာဖဂန်နစ္စတန်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ကဘူးလ်မြို့သို့ ရောက်ရှိလာခဲ့ပြီးချိန်မှစ၍ အနောက်တိုင်းသံတမန်တစ်ဦးအနေဖြင့် ပထမဦးဆုံး တွေ့ဆုံခြင်းဖြစ်ကြောင်း သိရ သည်။

တိုက်ခိုက်နေ

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံတမန်အကြီးအကဲသစ် စတာဖင်ဒီမစ်စတူရာသည် ဟဇ်ဘီအစ္စလမ္မီအုပ်စုမှ ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့နှင့်တွေ့ဆုံကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ကုလသမဂ္ဂသံတမန်ကြီးနှင့် အဆိုပါ အကြမ်းဖက်အုပ်စု ကိုယ်စားလှယ်များသည် မည်သည့်အကြောင်းအရာများ ဆွေးနွေးကြသည်ကိုမူ မသိရသေးဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ကာဂျစ်စတန်နိုင်ငံ ဘီရှက်မြို့၌ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းမှုကြောင့် နေအိမ်အမိုးနှင့် လမ်းမများပေါ်တွင် နှင်းများဖုံးလွှမ်းနေသည်ကို မတ် ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ကျင်စုပြည်နယ် ဆူကျို့မြို့၌ ကျင်းပသည့် စက်ရုပ်အားကစားပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၀၀ကျော်ပါဝင်ဆင်နွှဲနေသည်ကို မတ် ၂၇ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်နိုင်ငံ၌ ကွန်ပျူတာချစ်ပြားစက်ရုံ တည်ဆောက်

ဒါလီယန် မတ် ၂၈

တရုတ်နိုင်ငံဆိပ်ကမ်းမြို့ ဒါလီယန်ရှိ အမေရိကန်ကွန်ပျူတာချစ်ပြား ထုတ်လုပ်သည့် အင်တဲလ်ကော်ပိုရေးရှင်းကုမ္ပဏီကြီး၏ ချစ်ပြားစက်ရုံမှာ ယခုနှစ်စတုတ္ထ မြောက် သုံးလပတ်တွင် စတင်လည်ပတ်တော့မည်ဖြစ်ကြောင်း ယင်းစက်ရုံ အထွေထွေမန်နေဂျာက မတ်၂၅ရက်၌ ပြောကြားသည်။

ဒါလီယန်ရှိ ယင်းစက်ရုံသည် အာရှ၌ အင်တဲလ်ကုမ္ပဏီ၏ ပထမဆုံးသော စက်ရုံဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးကျဆင်းမှုဖြစ်လင့်ကစား ရင်းနှီး မြှုပ်နှံမှုအများအပြား ရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ချီလီ၌ A(H1N1) ရောဂါဖြစ်ပွား

စန်တီယာဂို မတ် ၂၈

ချီလီနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သောနေရာများတွင် ပထမဆုံးအကြိမ် A(H1N1)ရောဂါဖြစ်ပွားခဲ့ကြောင်း တွေ့ရသည်ဟု ချီလီကျန်းမာရေးဝန်ကြီးက မတ် ၂၆ရက်တွင် ပြောကြားသည်။

မိုချာကျွန်းရှိ ငါးနှစ်အရွယ်ကလေးငယ်မှ စတင်ဖြစ်ပွားခဲ့ရာ ကလေးငယ်ကို ကောင်ဆက်ဆီယန်မြို့ရှိ ဆေးရုံသို့ တင်ပို့ခဲ့ပြီး ငလျင်ဒုက္ခသည်စခန်းအတွင်း နေထိုင်သူများကို A(H1N1) ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှစ၍ ရောဂါဖြစ်ပွားသူ ၁၆ဦးရှိကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။ **(အင်တာနက်)**

ဒုတိယမြောက် အေဝက်စ်လေယာဉ် အိန္ဒိယလေတပ်သို့ ရောက်ရှိလာ

မွမ်ဘိုင်း မတ် ၂၈

အိန္ဒိယလေတပ်(အိုင်အေအက်ဖ်)က အစ္စရေးနိုင်ငံမှဝယ်ယူထားသော ဒုတိယမြောက် လေကြောင်းအန္တရာယ်သတိပေး ထိန်းချုပ်ရေးစနစ်(အေဝက်စ်)သုံးလေယာဉ် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာပြီဖြစ်ကြောင်း အိန္ဒိယမီဒီယာများက မတ်၂၆ရက်တွင် ဖော်ပြသည်။

ရောက်ရှိလာ

အဆိုပါဒုတိယမြောက်အေဝက်စ်လေယာဉ်သည် အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂျမ်နာဂါလေတပ် အခြေစိုက်စခန်းသို့ မတ်၂၅ရက်ညနေပိုင်းက ရောက်ရှိလာ ကြောင်း၊ ယင်းလေယာဉ်ကို အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတရာပရာဒေ့ရှ်ပြည်နယ်ရှိ အဂ္ဂရာလေတပ် အခြေစိုက်စခန်းတွင်ထားရှိမည်ဖြစ်ကြောင်း အိန္ဒိယလေတပ်အရာရှိ တစ်ဦး၏ပြောကြားချက်ကို ပီတီအိုင်သတင်းဌာနက ကိုးကားဖော်ပြသည်။

ကင်းလှည့်

အိန္ဒိယလေတပ်သည် အေဝက်စ် လေယာဉ်သစ်တစ်စင်းရောက်ရှိလာသဖြင့် အိန္ဒိယနိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို တစ်ပြိုင်နက် ပိုမိုထိရောက်စွာ ကင်းလှည့်ပေးနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါအိန္ဒိယလေတပ်အရာရှိက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပုံးဖောက်ခွဲတိုက်ခိုက်

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ နေတိုးအဖွဲ့မှ သယ်ဆောင်လာသည့် စက်သုံးဆီတင်ယာဉ် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကို မတ်၂၆ရက်တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့သစ်တော ပြုန်းတီးမှုနှုန်း အလွန်မြင့်မားနေ

ရောမ မတ် ၂၈

သက္ကရာဇ် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း အချို့နိုင်ငံများတွင် ကမ္ဘာ့သစ်တောပြုန်းတီးမှုလျော့နည်းလာသော်လည်း နိုင်ငံအများအပြား၌ သစ်တောပြုန်းတီးမှု ကြောက်ခမန်းလိလိမြင့်မားနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က မတ်၂၇ရက်၌ ပြောကြားသည်။

သစ်တောပြုန်းတီးမှုနှုန်း လျော့နည်းခြင်းနှင့် သစ်ပင်သစ်တောများ စိုက်ပျိုးထူထောင်ခြင်းတို့သည် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏကို လျော့နည်းကျဆင်းအောင် ဖန်တီးပေးရာရောက်ကြောင်း အက်ဖ်အေအို၏ ယခုနှစ်အတွက် ကမ္ဘာ့သစ်တော သယံဇာတ အကဲဖြတ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးမှူး မီတီလွိုင်ချီဝီလ်ကီက ပြောကြားသည်။

ယင်းကမ္ဘာ့သစ်တော သယံဇာတ အကဲဖြတ်မှုဆိုင်ရာလုပ်ငန်း အစီရင်ခံစာကို ငါးနှစ်တစ်ကြိမ် ထုတ်ပြန်ခြင်းဖြစ်သည်။

သို့ရာတွင် နိုင်ငံအများအပြား၌ သစ်တောပြုန်းတီးမှုနှုန်း အလွန်မြင့်မားနေဆဲဖြစ်ကြောင်း အက်ဖ်အေအိုက သတိပေးသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ နေတိုးတပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ကန်ဒါဟာ မတ် ၂၈

မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (နေတိုး)ဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်ငါးဦးတို့သည် အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကန်ဒါဟာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက မတ်၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

ထိမှန်သေဆုံး

ဂျာလေခရိုင် ပက်ရှ်မိုးကျေးရွာတွင် နိုင်ငံတကာတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံး ဖောက်ခွဲ တိုက်ခိုက်ခံရသဖြင့် အဆိုပါတပ်ဖွဲ့ဝင်ငါးဦး ထိမှန်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ကန်ဒါဟာပြည်နယ် ကန်ဒါဟာမြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး ပြန်ကြားရေးဌာနက သတင်းစာဆရာများအား ပြောကြားသည်။

စခန်းချ

သို့ရာတွင် အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ကန်ဒါဟာမြို့သည် များသောအားဖြင့် ကနေဒါနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဒေသလုံခြုံရေးအတွက် စခန်းချထားရာနေရာဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အစ္စရေးတင့်ကားများ ဂါဇာကမ်းမြောင်သို့ ဝင်ရောက်ပစ်ခတ်

တဲလ်အဗစ် မတ် ၂၈

အစ္စရေးတင့်ကားများက ဂါဇာကမ်းမြောင်သို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ကြောင်း၊ ရဟတ်ယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များကလည်း ကမ်းခြေဒေသတွင် ပျံဝဲကာ စစ်ဆင်ရေးတွင် ပါဝင်ကြောင်း အင်တာနက်သတင်းတစ်ရပ်အရ သိရှိရသည်။

မြေထိုးစက်နှစ်စီးနှင့်အတူ အစ္စရေးတင့်ကားငါးစီး ဂါဇာကမ်းမြောင်အတွင်း ဝင်ရောက်လာကြပြီး ခန်ယူရစ်မြို့ကို မတ် ၂၆ရက်၌ စတင်ပစ်ခတ်ခဲ့ကြသည်ဟု ပါလက်စတိုင်းသတင်းရပ်ကွက်ကပြောကြားသည်။ ယင်းသို့ပစ်ခတ်သဖြင့် တိုက်ခိုက်ရေးသမားတစ်ဦး ပြင်းထန်စွာဒဏ်ရာ ရရှိသည်ဟု ပြည်သူ့ခုခံရေးကော်မတီက အခိုင်အမာ ပြောကြားသည်။

တွေ့ရှိ

အစ္စရေးရဟတ်ယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များသည် ဂါဇာကောင်းကင်ယံထက်တွင် ပျံသန်းလျက်ရှိကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ဒိန်းမတ် ရေသူမရုပ်တုငယ် ရှန်ဟိုင်းကုန်စည်ပြပွဲ၌ ပြသမည်

ကိုပင်ဟေဂင် မတ် ၂၈

ဒိန်းမတ်နိုင်ငံ၏ နာမည်ကျော် ရေသူမရုပ်တုငယ်ကို တရုတ်နိုင်ငံ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင်ပြသရန်အတွက် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်ဆိပ်ကမ်းမှ ပထမဦးဆုံးအကြိမ်အဖြစ် မတ် ၂၅ရက်က သယ်ဆောင်သွားပြီဖြစ်ကြောင်း သိရသည်။

ဝေမျှခံစား

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထိုရေသူမရုပ်တုကို ငှားရမ်းပြသခြင်းသည် မိမိတို့ဒိန်းမတ်လူမျိုးများအနေဖြင့် အခြားတိုင်းတစ်ပါးယဉ်ကျေးမှုကိုစိတ်ဝင်စားသကဲ့သို့ မိမိတို့၏အနုပညာနှင့် ယဉ်ကျေးမှုကိုလည်း နိုင်ငံခြားသားများ ဝေမျှခံစားလို၍ဖြစ်ကြောင်း ဒိန်းမတ်စီးပွားရေးဝန်ကြီး ဘရိုင်ယင်မိကီလ်ဆင်က ရှန်ဟိုင်းမြို့သို့ ထွက်ခွာစဉ်ပြောကြားသည်။

အဆိုပါရေသူမရုပ်တုသည် အမြင့် ၁ဒသမ၅မီတာရှိပြီး ရေသူမပုံပြင်ကိုရေးသားသည့် ဒိန်းမတ်စာရေးဆရာ ဟန်းစ်ခရစ္စယန်အင်ဒါဆင်ကို အမှတ်တရ ဂုဏ်ပြုထုလုပ်ထားခြင်းဖြစ်ကြောင်း၊ ရှန်ဟိုင်းခရီးစဉ်အတွက် ထိုရေသူမရုပ်တုကို ဝန်ချီစက်ဖြင့် ထရပ်ကားပေါ်သို့ ပထမဆုံးတင်ဆောင်ခဲ့ရကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ စာသင်ကျောင်းနှစ်ကျောင်း ဖောက်ခွဲဖျက်ဆီးခံရ

အစ္စလမ္မာဘတ် မတ် ၂၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မိုယာမန်နှင့် ခိုင်ဘာတောင်ကြားဒေသရှိ စာသင်ကျောင်းနှစ်ကျောင်းကို စစ်သွေးကြွများက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာဌာနက မတ် ၂၇ရက်တွင် ပြောကြားသည်။

ဖောက်ခွဲဖျက်ဆီး

စစ်သွေးကြွများက ကျောင်းအနီးအပြားတွင် ဖောက်ခွဲရေးပစ္စည်းများထားရှိခဲ့ပြီး နံနက်စောစောပိုင်းက ယောကျာ်းလေး အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း အစိုးရဌာနက ပြောကြားသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်ဒုတိယသမ္မတ ဆွီဒင်သို့ အလည်အပတ်ရောက်ရှိ

တရုတ်ဒုတိယသမ္မတစီကျန့်ပင်းသည် လေးရက်ကြာအလည်အပတ်ခရီးအဖြစ် ဆွီဒင်နိုင်ငံ ရှိဟင်ဘတ်မြို့သို့ မတ်၂၈ရက်ကရောက်ရှိလာကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးကြမည်ဖြစ်ကြောင်း ဆွီဒင်အရာရှိများက မတ်၂၈ရက်၌ သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် မတ် ၂၈ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း နေအိမ်အဆောက်အအုံအချို့ ပျက်စီးမှုရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ခတ္တမန္ဒူမြို့ရဲတပ်ဖွဲ့က မတ် ၂၈ရက်၌ ပြောကြားသည်။

အစွန်းရောက်တပ်ဖွဲ့များ ဂါဇာမြို့မှပြန်လည်ရုပ်သိမ်း

ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့တွင် ပါလက်စတိုင်း လက်နက်ကိုင်များနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ အပြန်အလှန် တိုက်ခိုက်မှုဖြစ်ပွား၍ ပါလက်စတိုင်းအချို့ကို ဖမ်းဆီးပြီး အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာမြို့မှ ပြန်လည် ရုပ်သိမ်းသွားကြောင်း ပါလက်စတိုင်းအရာရှိများက မတ် ၂၈ရက်၌ ပြောကြားသည်။

တရုတ်မြောက်ပိုင်း၌ ကုန်တင်သင်္ဘောနစ်မြုပ်

တရုတ်နိုင်ငံမြောက်ပိုင်း ဟေဘေးပြည်နယ်ကမ်းလွန်တွင် မတ် ၂၈ရက် နံနက်က လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ သင်္ဘောသားခြောက်ဦးသေဆုံးခဲ့ကြောင်း၊ ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ *(အောက်ပုံ)*

ဂျပန်နာရူတိုရေလက်ကြား၌ ကုန်တင်သင်္ဘောနှစ်စင်းတိုက်မိ

ဂျပန်နိုင်ငံ နာရူတို ရေလက်ကြားတွင် ဂျပန်ကုန်တင်သင်္ဘောနှစ်စင်း မတော်တဆတိုက်မှုဖြစ်ပွားရာ သင်္ဘောသားနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က မတ် ၂၈ရက်၌ ပြောကြားသည်။

(၂၂)ကြိမ်မြောက်အာရပ်ထိပ်သီးညီလာခံစတင်ကျင်းပ

(၂၂)ကြိမ်မြောက် အာရပ်ထိပ်သီးညီလာခံကို လစ်ဗျားနိုင်ငံ ဆာတီမြို့တွင် မတ်၂၈ရက်၌စတင်ကျင်းပသည်။ ဂျေရုဆလင်၌အစ္စရေးတို့ဆောင်ရွက်မှုများအပါအဝင် ကိစ္စရပ်အများအပြားကို ဆွေးနွေးကြသည်။ ယင်းညီလာခံသို့ လစ်ဗျားခေါင်းဆောင် ကဒါဖီ၊ ဆီးရီးယားသမ္မတအယ်အာဆတ်၊ ပါလက်စတိုင်းသမ္မတမာမွတ်အာဘတ်၊ ဆူဒန်သမ္မတ အိုမာအယ်ဘာရှားစသည့်ခေါင်းဆောင်များ တက်ရောက်ခဲ့ကြကြောင်း လစ်ဗျားအရာရှိများက သတင်းထုတ်ပြန်သည်။

အီဂျစ်သမ္မတ ကျန်းမာရေးကောင်းမွန်သဖြင့်အိမ်ပြန်

ဂျာမနီနိုင်ငံတွင် သည်းခြေအိတ်ရောဂါခွဲစိတ်ကုသမှု အောင်မြင်ခဲ့သဖြင့် အီဂျစ်သမ္မတ မူဘာရက်သည် ဂျာမနီမှ အီဂျစ်နိုင်ငံသို့ မတ် ၂၈ရက်၌ ပြန်လည်ရောက်ရှိလာကြောင်း၊ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

ဂျီအမ်စီကားများ ဈေးကွက်မှ ပြန်လည်ရုပ်သိမ်း

အမေရိကန်ဂျင်နရယ်မော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်သော ကုန်တင်ဗင်ကားများနှင့် ခရီးသည်တင်ဗင်ကားများ၏ အင်ဂျင်ချွတ်ယွင်းမှုကြောင့် ဗင်ကားအစီး ၅၀၀၀ကို ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းနေကြောင်း ဂျင်နရယ်မော်တော်ကားကုမ္ပဏီက မတ်၂၈ရက်၌ သတင်းထုတ်ပြန်သည်။ ။ *(အင်တာနက်)*

တောင်တွင်းကြီး၌ ကျောက်ချောလမ်းခင်း

တောင်တွင်းကြီး မတ် ၂၈

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်သည့် ပန်းတောငယ်-တဲကြီးကုန်းလမ်း အရှည်ပေ ၁၆၅၀၊ အကျယ်၁၂ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ်၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၁၈)ရပ်ကွက် အနော်ရထာလမ်းနေ မိခင်ကြီး ဒေါ်အေးမြင့်နှင့် ညီအစ်ကို မောင်နှမများအားရည်စူး၍ သား ကိုအောင်မိုးနိုင်-မယဉ်ယဉ်နုမိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ လေးထပ် ဘိုးဘွားဆောင်သစ်ကြီးနှင့် တစ်နေ့တာကျွေးမွေးရန် ငွေကျပ်ငါးသိန်းသုံးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကျိုက်ထိုမြို့နယ် ပညာတံခွန်စာကြည့်တိုက်သို့ ငွေပဒေသာပင်နှင့်စာအုပ်စာစောင်ပေးအပ်လှူဒါန်း

ကျိုက်ထို မတ် ၂၈

ကျိုက်ထိုမြို့နယ် ကျောင်းရွာကျေးရွာ ပညာတံခွန်စာကြည့်တိုက်အတွက် ပဒေသာပင်၊ စာအုပ်စာစောင်နှင့် သတင်းစာလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၇ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက စာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်း (၅)ရပ်ကိုလည်းကောင်း၊ ရပ်မိရပ်ဖ ဦးဝင်းဗိုလ်က ငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

လက်ခံယူ

ဆက်လက်၍ လှူဒါန်းပွဲကို ကျင်းပရာ ကျောင်းရွာကျေးရွာ ပညာတံခွန်စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရန်အတွက် ကျေးရွာသူကျေးရွာသားများ စုပေါင်းလှူဒါန်းငွေကျပ်နှစ်သိန်းကို ရပ်မိရပ်ဖဦးဝင်းဗိုလ်က လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ်စာစောင် ၇၀နှင့် နေ့စဉ်ထုတ်သတင်းစာများကို ဦးစီးမှူးဒေါ်ခင်စောလင်းက လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးဝင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမိုးမြင့်ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)မွန်ပြည်နယ် မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ပါဝင်သောအဖွဲ့ မတ် ၂၄ ရက်က မော်လမြိုင်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း(လှိုင်)မှ ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်များသို့ ထွက်ခွာမည့်ခရီးသည်တင် မှန်လုံယာဉ်များအား ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှုရှိမရှိ၊ ဘရိတ်နှင့် အချက်ပြမီးများကောင်းမွန်မှု ရှိ မရှိ၊ တာယာကောင်းမွန်မှု၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်မှုရှိ မရှိ၊ လုပ်ငန်းလိုင်စင်များ ရယူထားခြင်းရှိမရှိတို့ကို ကွင်းဆင်း စစ်ဆေးကြစဉ်။ (၀၁၄)

ထန်းတပင်မြို့နယ် သံပုရာကုန်ကျေးရွာ၌ ပြည်တော်အေး စာကြည့်တိုက်ဖွင့် အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၈

နိုင်ငံတော်မှ ပံ့ပိုးငွေဖြင့် အလှူရှင်များ စုပေါင်း၍ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် သံပုရာကုန်ကျေးရွာ၌ ပြည်တော်အေးစာကြည့်တိုက် ဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၈နာရီခွဲက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး ဆန်းဌေးမောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးငွေဒိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ခင်ငြိမ်းငြိမ်းကစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အမြဲတမ်း ဖွင့်လှစ်ထားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ ဦးလှရှိန်-ဒေါ်မြရီမိသားစုက ငွေကျပ်၁၁သိန်း၊ ဦးမိုးမြင့်-ဒေါ်ခင်စောဦးမိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးရဲကြည်-ဒေါ်အေးအေးမူမိသားစုက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြသည်။

(၁၈၃)

ရန်ကင်းမြို့နယ် ဘောက်ထော် သာယာရွှေပြည်လမ်း သာယာရွှေပြည်ရိပ်မွန် အမှတ်(1-H)နေ ဦးဉာဏ်ရှိန်-ဒေါ်ကေသီမြင့်၊ သား မောင်နိုင်ကိုထက်၊ မောင်ကောင်းမင်းစံမိသားစုက ဖခင်ဦးလှသွင်နှင့် မိခင်ဒေါ်စန်းရင်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ စောင့်ရှောက်ရေးသူနာပြု ဒေါ်ဇာခြည်မြင့်နှင့် ဒေါ်နော်အေးဌေးတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

စီဒီအမ်အေတယ်လီဖုန်းများ ကောလင်း၌ ဆောင်ရွက်

ကောလင်း မတ် ၂၈

ကောလင်းမြို့တွင် ပြည်တွင်းပြည်ပ ဆက်သွယ်မှု သွက်လက်မြန်ဆန်လွယ်ကူစေရန် ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကောလင်းမြို့နယ်တွင် စီဒီအမ်အေဖုန်း ၂၅၂လုံးကို ဖေဖော်ဝါရီ ၁၇ရက်က စတင်ဆောင်ရွက်ကြသည်။

အလုံး ၁၀၀၀ခန့်ရှိ

ယခင်က ကောလင်းမြို့နယ် မြို့ပေါ်နှင့် ကျေးလက်သုံးကြိုးဖုန်း အလုံး ၁၀၀၀ ခန့်ရှိကြောင်း သိရသည်။ (၀၃၂)

ဗလငါးတန် ဖွံ့ဖြိုးဖို့

စာအုပ်စာပေ လေ့လာစို့

ပြည်သူလူထုအကျိုးကို ၂၄ နာရီပတ်လုံး သယ်ပိုးနေသော ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏

နှစ်(၅၀)ပြည့် ရွှေရတုသဘင်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း-တင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

နေပြည်တော် မတ် ၂၈

လူသားတို့၏စွမ်းပကားဖြင့် သဘာဝကို ဖန်တီးပြုပြင်တည်ဆောက်ကာ လူသားတိုင်း၏ဘဝ၌ မရှိမဖြစ်လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက ၂၄ နာရီပတ်လုံး ထုတ်လုပ်ပေးခဲ့သည်မှာ မကြာမီရက်ပိုင်းအတွင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခါသမယ ရောက်ရှိတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဖြစ်သော ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (လောပိတ)သည် လာမည့် ဧပြီ ၁ ရက်တွင် နှစ်(၅၀)ပြည့် ရွှေရတုသဘင်တိုင်ခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအနီးရှိ မိုးဗြဲရေလှောင်ကန်မြင်ကွင်း။

စတင်တည်ဆောက်

၁၉၆၀ ပြည့်နှစ် ဧပြီ ၁ ရက်မှစတင်ကာ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အားပေးပို့ခဲ့ရာမှ ယခုအချိန်တွင် နိုင်ငံတော်၏ ဓာတ်အားကွန်ရက်မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ နေ့စဉ် ၂၄ နာရီတစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်မှာ လွိုင်ကော်မြို့နယ် လောပိတကျေးရွာရှိ ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပင်ဖြစ်သည်။ ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(လောပိတ)သည် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် (၁၄)မိုင် ကွာဝေးသော လောပိတကျေးရွာ၌တည်ရှိပြီး ၁၉၅၄ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၁၉၆၀ပြည့်နှစ် ဧပြီ ၁ ရက်၌ ရန်ကုန်မြို့သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စာပေဗိမာန်အဆောက်အအုံ (Sorrento Villa) ၌ အမျိုးသားကျွမ်းကျင်သူများက ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားတိုးတက်ရေးနှစ်နှစ်စီမံကိန်း (Sorrento Villa Scheme) ကို ရေးဆွဲခဲ့ကြရာ ရေအားလျှပ်စစ်ဓာတ်အားသည်သာ အသက်သာဆုံးဖြစ်၍ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စီမံကိန်းများ အမြန်ဆုံးအကောင်အထည်ဖော်ရန် မူဝါဒချမှတ်ခဲ့ကြသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်အစိုးရသည် ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွက် အလွန်အရေးပါကြောင်း စဉ်းစားဆုံးဖြတ်ခဲ့ကြသည်။ ယင်းသို့ဖြင့် ၁၉၅၃ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးရေးဘုတ်အဖွဲ့မှ မြန်မာပညာရှင်များနှင့် ဂျပန်ပညာရှင်များ ပူးပေါင်း၍ စူးစမ်းတိုင်းတာမှုများ စတင်ပြီး ရေအားအရင်းအမြစ်တည်ရှိရာ ၂၂ နေရာအနက်မှ ၇ နေရာကို စူးစမ်းတိုင်းတာခြင်းနှင့် ပုံစံထုတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထုတ်လုပ်နိုင်ခဲ့

မူလက စီမံကိန်းသုံးခုဖြစ်သော စိုင်ဒင်၊ ပဲခူးမြစ်ဝှမ်းနှင့် ဘီလူးချောင်းစီမံကိန်းတို့ကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ရန် စီစဉ်ခဲ့သော်လည်း အခြေအနေအရ ဘီလူးချောင်းစီမံကိန်းကိုသာ အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရက ဆုံးဖြတ်ခဲ့သည်။ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်၌ ပထမစက်သုံးလုံးဖြင့် ၈၄ မဂ္ဂါဝပ်၊ ၁၉၇၄ ခုနှစ်တွင် ဒုတိယစက်သုံးလုံးဖြင့် ၈၄ မဂ္ဂါဝပ် စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ မူလရေအရင်းအမြစ်မှာ မြန်မာနိုင်ငံအလယ်ပိုင်း ရှမ်းကုန်းပြင်မြင့်ရှိ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ခန့်၌ တည်ရှိသည့်အင်းလေးကန်ပင်ဖြစ်သည်။ အင်းလေးကန်ကြီးသည် သဘာဝရေလှောင်ကန်ကြီးသဖွယ်ဖြစ်တည်ကာ မျက်နှာပြင်ဧရိယာအကျယ်အဝန်း ဧက ၅၇၀၀၀၊ အမြင့်ဆုံး ရေအမှတ်(၂၉၀၈) ပေ၊ စုစုပေါင်း ရေဖမ်းဧရိယာ ၁၁၂၂ စတုရန်းမိုင်ရှိသည်။

အဓိကချောင်းကြီးလေးခုသည် အင်းလေးကန်အတွင်း စီးဝင်လျက်ရှိရာ ပင်လောင်းဒေသမှမြစ်ဖျားခံသော အထက်ဘီလူးချောင်းသည် အနောက်ဘက်မှလည်းကောင်း၊ ကလောမြို့အနီးမှ မြစ်ဖျားခံသော ငုတ်ချောင်းသည် အနောက်မြောက်ဘက်မှလည်းကောင်း၊ ဟဲဟိုးလွင်ပြင်ဘက်မှ မြစ်ဖျားခံသော နယ်ကြားချောင်းသည် မြောက်ဘက်မှလည်းကောင်း၊ ရပ်စောက်မြို့တောင်ဘက်တွင်မြစ်ဖျားခံသော နမ့်လတ်ချောင်းသည် မြောက်ဘက်မှလည်းကောင်း စီးဝင်ကြသည်။

ဘီလူးချောင်း

အင်းလေးကန်မှ ရေများသည် လီဂေါင်း၊ စံခ၊ ဖယ်ခုံနှင့် မိုးဗြဲကျေးရွာတို့ကိုဖြတ်သန်း၍ ဘီလူးချောင်းအဖြစ် လွိုင်ကော်မြို့လယ်ကို ဖြတ်သန်းစီးဆင်းခဲ့ရာ ခရီးမိုင် ၆၀ အကွာအဝေးအထိ အမြင့်ပေ ၁၅၀ ခန့်သာ တဖြည်းဖြည်းနိမ့်လျှောလာသောကြောင့် ရေစီးနှုန်းအလွန်ညင်သာသည်။ ထိုမှတစ်ဆင့် ဆက်လက်စီးဆင်းလာရာ လွိုင်ကော်မြို့မှ ၇ မိုင်ခန့်ကျော်လွန်သောနေရာတွင် ရေတံခွန်အဆင့်ဆင့် (Coscades & Falls) ဖြစ်ပေါ်လျက် စီးဆင်းသွားသည်။ ဘီလူးချောင်းသည် သံလွင်မြစ်၏လက်တက်တစ်ခုဖြစ်သော နမ့်ပွန်ချောင်းနှင့် မပေါင်းဆုံမီ ၁၂ မိုင်ခန့်အတွင်း ပေ ၂၂၀၀ ခန့် နိမ့်ဆင်းသွားသည်။

ဤကဲ့သို့ ဖြစ်ပေါ်နေသော ပထဝီအနေအထားကို အသုံးပြုလျက် ရေအားဖြင့် လည်ပတ်နိုင်သည့် ဓာတ်အားပေးစက်ရုံသုံးခုကို အဆင့်ဆင့်တည်ဆောက်ရန် ပဏာမရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ရေတံခွန်များဖြစ်ပေါ်လျက်ရှိသော ပထမနေရာသည် ကျောက်တုံးကျောက်ဆောင်များရှိ၍ ပေ ၂၆၀ ခန့်လည်းကောင်း၊ ဒုတိယရေတံခွန်သည် ပေ ၁၆၅၀ခန့်လည်းကောင်း၊ တတိယနေရာသည် ပေ ၄၀၀ ခန့်လည်းကောင်း နိမ့်ဆင်းသွားသည်။

သဘာဝအားဖြင့် အင်းလေးကန်မှ စီးဆင်းလာသော ဘီလူးချောင်းရေစီးနှုန်းသည် နွေရာသီတွင် တစ်စက္ကန့်လျှင် ကုဗပေ ၇၀၀နှင့် မိုးရာသီတွင် တစ်စက္ကန့်လျှင် ကုဗပေ ၂၉၀၀ ရှိခဲ့ပြီး ရေစီးနှုန်းအနိမ့်အမြင့် အလွန်ကွာခြားသည်။ ထိုကဲ့သို့ ခြားနားမှုကို ထိန်းသိမ်းပေးခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ကြီးမားစွာအကျိုးသက်ရောက်မှု ဖြစ်ပေါ်စေနိုင်သည်။ ရေကာတာတည်ဆောက်၍ ရေထုတ်နှုန်းကို ထိန်းသိမ်းပေးခြင်းအားဖြင့် နွေရာသီတွင် အနည်းဆုံးရေစီးနှုန်း တစ်စက္ကန့်လျှင် ကုဗပေ ၁၈၀၀အထိ တိုးမြှင့်ပေးနိုင်သဖြင့် တန်ဖိုးမဖြတ်နိုင်သော ရေအရင်းအမြစ်တစ်ခုဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်။

မိုးဗြဲရေလှောင်ကန်

၁၉၅၄ ခုနှစ်ကတည်းက ရေတံခွန်သုံးဆင့်တွင် ပထမအဆင့်အဖြစ် ရေဖိအားအမြင့် ၂၂၄ ပေဖြင့် ကီလိုဝပ် ၂၄၀၀၀၊ ဒုတိယအဆင့်တွင် ရေဖိအားအမြင့်ပေ ၁၃၉၀ ဖြင့် ကီလိုဝပ် ၁၆၈၀၀၀ နှင့်တတိယအဆင့်တွင် ရေဖိအားအမြင့် ၃၇၇ပေဖြင့် ကီလိုဝပ် ၄၈၀၀၀ တို့ကို မိုးဗြဲရေလှောင်ကန် တည်ဆောက်ပြီးပါက ထုတ်လုပ်နိုင်မည်ဟု ကြိုတင်တွက်ဆခဲ့သည်။

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ အဆောက်အအုံကြီးနှင့် တောင်ကြောပေါ်၌ သွယ်တန်းထားသော ဖိအားမြင့်ပိုက်လိုင်းနှစ်ခုကို တွေ့ရစဉ်။

ပူးပေါင်းတည်ဆောက်

မိုးဗြဲရေလှောင်ကန် တည်ဆောက်ခြင်းမပြုမီ ရေတံခွန်ဒုတိယအဆင့်တွင် ကီလိုဝပ် ၈၄၀၀၀ (28 MW x 3 Nos) ဓာတ်အားထုတ်လုပ်ရန် ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ၁၉၅၄ ခုနှစ် ဇန်နဝါရီလမှ စတင်၍တိုင်းတာခြင်း၊ ဒီဇိုင်းထုတ်ခြင်းနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံမှ Nippon Koei Kabushiki Kaisha ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးပြီး မြို့ပြပိုင်းဆိုင်ရာ တည်ဆောက်ခြင်းတို့ကို မြန်မာအင်ဂျင်နီယာများ၊ အလုပ်သမားများနှင့်အတူ ဂျပန်နိုင်ငံမှ Kajima Construction Company တို့ ပူးပေါင်းတည်ဆောက်ခဲ့ကြသည်။

ပထမအဆင့်အဖြစ် ကီလိုဝပ် ၈၄၀၀၀ (28 MW x 3 Nos) ဓာတ်အားထုတ်စက်သုံးလုံးကို ၁၉၅၄ ခုနှစ်တွင် စတင်တပ်ဆင်ခဲ့ရာ ၁၉၆၀ ပြည့်နှစ် မတ်လတွင် ရာခိုင်နှုန်းပြည့်ပြီးစီးခဲ့သည်။ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများတည်ဆောက်ရန်လိုအပ်သော ပစ္စည်းများကို ဂျပန်နိုင်ငံမှ ကုမ္ပဏီခုနစ်ခုတို့က တင်သွင်းခဲ့ကြသည်။ ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရာတွင် အဓိကလုပ်ငန်းများအဖြစ် လမ်းများ၊ ရေတံခါး၊ ရေသွယ်မြောင်း၊ ရေကန်၊ ဖိအားနိမ့် ကွန်ကရစ်ပိုက်၊ ဖိအားနိမ့် သံမဏိပိုက်၊ ရေလျှံထိန်းစည်၊ ဖိအားမြင့်သံမဏိပိုက်၊ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားခွဲရုံနှင့် မဟာဓာတ်အားလိုင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပြီး စုစုပေါင်းကျပ်သန်းပေါင်း ၂၅၀ ဒသမ ၁ သန်းကုန်ကျခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည့် ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ဓာတ်အားပေးစက်သုံးလုံး တပ်ဆင်စမ်းသပ်ခြင်းကို ၁၉၆၀ ပြည့်နှစ် မတ်လတွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ရန်ကုန်ဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပို့လွှတ်ခြင်းကို ဧပြီ ၁ ရက်ညနေပိုင်းတွင် ဆောင်ရွက်ခဲ့ရာ လှော်ကားဓာတ်အားခွဲရုံမှ စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးသီဟန်က စက်ခလုတ်နှိပ်၍ ဓာတ်အားလက်ခံခဲ့သည်။ ရန်ကုန်မြို့တွင် ဓာတ်အားဖြန့်ဖြူးခြင်းကို ၁၉၆၀ ပြည့်နှစ် ဧပြီ ၁ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့သို့ ၁၃၂ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးခြင်းကို ၁၉၆၃ ခုနှစ် မတ် ၂ ရက်တွင်လည်းကောင်း ဆောင်ရွက်နိုင်ခဲ့သည်။

ဓာတ်အားဖြန့်ဖြူးရေးစီမံချက် ပထမအဆင့်အဖြစ် တည်ဆောက်ပြီးစီးခဲ့သော ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မိုးဗြဲရေလှောင်ကန်တည်ဆောက်မှုမပြီးခင်ကာလက နွေရာသီတွင် ဘီလူးချောင်းရေ အနိမ့်ဆုံးစီးဆင်းမှုမှာ တစ်စက္ကန့်လျှင်(၃၈၀ ~ ၄၅၀) ကုဗပေသာရှိသဖြင့် တာဘိုင်စက်နှစ်လုံးသာ လည်ပတ်နိုင်ခဲ့သည်။ ထို့ကြောင့် စက်စတင်လည်ပတ်သည့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ရေလျှံထိန်းစည်နှစ်ခုနှင့် တာဝါတိုင်ကြီးကို အဝေးမှ ဤသို့တွေ့ရသည်။

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံမှထွက်ရှိလာသော ဓာတ်အားများကို တာဝါတိုင်များသို့ ပို့လွှတ်သည့် Switchyard ကို တွေ့ရစဉ်။

စာမျက်နှာ ၆ မှ

၁၉၆၀ပြည့်နှစ်မှ မိုးဗြဲရေလှောင်ကန်ပြီးစီးသည့် ၁၉၇၁ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် ဓာတ်အားထုတ်လုပ်မှုအများဆုံးမှာ ကီလိုဝပ်နာရီသန်း ၄၀၈ ဒသမ ၇၅ (၁၉၇၀-၁၉၇၁) ဖြစ်ကြောင်း သိရသည်။

တင်ပြ

ပထမအဆင့်တည်ဆောက်ခဲ့သော ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ဓာတ်အားပေးစက်သုံးလုံးမှာ နွေရာသီတွင် ရေလုံလောက်စွာမရ၍ စက်စွမ်းအားပြည့်မလည်ပတ်နိုင်ခဲ့ချေ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာလည်း ပိုမိုလိုအပ်လာနိုင်ကြောင်း ကြိုတင်တွက်ဆထားသဖြင့် မိုးဗြဲရေလှောင်ကန် တည်ဆောက်ရန် မဖြစ်မနေလိုအပ်လာခဲ့သည်။ ၁၉၅၅ ခုနှစ် ဇွန် ၂၁ ရက်တွင် ဂျပန်နိုင်ငံမှ Nippon Koei Kabushiki Kaisha ကုမ္ပဏီ၏ စူးစမ်းတိုင်းတာချက်အရ ဖယ်ခုံ-စံခတွင်ရေလှောင်ကန်၊ နမ့်လတ်ချောင်းတွင် ရေလှောင်ကန်နှင့်အင်းလေးကန်တွင် ရေတံခါးနှင့်ရေပန့်တို့ တည်ဆောက်ရန်ဖြစ်နိုင်ခြေရှိကြောင်း တင်ပြခဲ့ကြသည်။

ဖယ်ခုံ-စံခရေလှောင်ကန်ကို မိုးဗြဲရေလှောင်ကန်ဟု လည်းကောင်း၊ နမ့်လတ်ချောင်းရေလှောင်ကန်ကို သိန်းဒေါရေလှောင်ကန်ဟု လည်းကောင်း၊ အင်းလေးရေတံခါးနှင့် ရေပန့်ကို လီဂေါင်းရေပန့်စခန်းဟုလည်းကောင်း အမည်ပြောင်းလဲပြီး ၁၉၅၉ခုနှစ် မတ်လတွင် ပြန်လည်တင်ပြခဲ့ရာ မိုးဗြဲရေလှောင်ကန်ကို အသင့်လျော်ဆုံးအဖြစ် ရွေးချယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်စဉ်က အသုံးပြုခဲ့သော စက်ယန္တရားကြီးများကို ရွှေ့ပြောင်း၍ ၁၉၆၁ ခုနှစ်တွင် မိုးဗြဲရေလှောင်ကန် တည်ဆောက်ရေးအတွက် ရေလွှဲမြောင်း (Diversion Channel) တူးဖော်ခြင်းကို စတင်ခဲ့ကြသည်။

မိုးဗြဲရေလှောင်ကန် တည်ဆောက်ရေးစီမံကိန်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တစ်ခုတည်းအတွက်သာမဟုတ်ဘဲ လယ်ယာမြေဧက ၂၀၀၀၀ ကို စိုက်ပျိုးရေပေးသွင်းရန်နှင့် ရေစူး လေးပေအထိရှိသော လှေ၊ မော်တော်များဖြင့် ညောင်ရွှေနှင့် လွိုင်ကော်အစုန်၊ အဆန်သွားလာနိုင်ရန်ဟူသော ရည်ရွယ်ချက်သုံးခုဖြင့် တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

မိုးဗြဲရေလှောင်ကန်တွင် တပ်ဆင်ရမည့် ရေတံခါးများအတွက် ပုံစံထုတ်ရန် ဆွီဒင်နိုင်ငံမှ ORRJE ကုမ္ပဏီနှင့် လည်းကောင်း၊ ရေတံခါးများ တည်ဆောက်တပ်ဆင်ရေးကို ကြီးကြပ်ရန် Widmark & Plazer ကုမ္ပဏီတို့နှင့် လည်းကောင်း စာချုပ်များချုပ်ဆိုခဲ့သည်။ မိုးဗြဲရေလှောင်ကန်ကို ၁၉၆၈ ခုနှစ်၌ စတင်တည်ဆောက်ခဲ့ရာ ၁၉၇၀ပြည့်နှစ်၌ လုပ်ငန်းများပြီးစီး၍ ၁၉၇၁ ခုနှစ် ဇန်နဝါရီ ၁၅ရက် (ကယားပြည်နယ်နေ့)တွင် ရေလွှဲမြောင်းပိတ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ဒီဇိုင်းအရ သတ်မှတ်ရေအမြင့် EL ၂၈၉၇ ဒသမ ၇ ပေကို ၁၉၇၃ ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် အပြည့်အဝ သိုလှောင်ထားနိုင်ခဲ့သည်။

မိုးဗြဲရေလှောင်ကန်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အစည်းမှ ဝန်ထမ်းများနှင့် အခြားအစိုးရကူညီရေး အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၃၇ ဒသမ ၇သန်း ကုန်ကျသုံးစွဲခဲ့ရသည်။ မိုးဗြဲရေလှောင်ကန်တည်ဆောက်ပြီးစီးခဲ့သဖြင့် မူလတာဘိုင်စက်သုံးလုံးဖြင့်ဘဏ္ဍာရေးနှစ်အလိုက်ဓာတ်အားထုတ်လုပ်မှု အများဆုံးမှာ ကီလိုဝပ်နာရီသန်း ၄၈၀ ဒသမ ၇၂ (၁၉၇၂-၁၉၇၃)အထိသို့ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်စဉ်ကပင် ဓာတ်အား ဖွံ့ဖြိုးရေးစီမံချက်တွင် ဒုတိယအဆင့်အဖြစ် ဓာတ်အားထုတ်စက် သုံးလုံး (ကီလိုဝပ် ၂၈၀၀၀ × ၃)ကို တိုးချဲ့တပ်ဆင်ရန် စီစဉ်ထားခြင်းကြောင့် နောက်ထပ်စက်သုံးလုံးကို ပင်လယ်ရပ်ခြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (O.E.C.F) ဖြင့် တိုးချဲ့တည်ဆောက်ခဲ့သည်။

ယင်းသို့တည်ဆောက်ရာတွင် ဓာတ်အားပေးစက်ရုံမှာတည်ဆောက်ပြီးဖြစ်၍လည်းကောင်း၊ တိုးချဲ့တပ်ဆင်ရမည့်စက်နေရာများ၏ မြို့ပြလုပ်ငန်းများ အတန်အသင့် တည်ဆောက်ပြီးဖြစ်၍လည်းကောင်း၊ အင်ဂျင်နီယာလုပ်ငန်းများ အကြံပေးကြီးကြပ်နိုင်ရန် နိုင်ငံခြားမှConsulting and Supervision Farm များ ငှားရမ်းခြင်းမပြုတော့ဘဲ ယခင်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ESB)က တာဝန်ယူဆောင်ရွက်ခဲ့သည်။ လိုအပ်သော တာဘိုင်၊ ဂျင်နရေတာ၊ ထရန်စဖော်မာ၊ ဆွစ်ဂီယာနှင့် သံမဏိပိုက်လိုင်းများအတွက် စက်ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ တင်ဒါ သတ်မှတ်ချက် စည်းကမ်းချက်များကို ပြုစုရေးဆွဲ၍ ဂျပန်၊ အနောက်ဂျာမနီနှင့် ဩစတြေးလျတို့မှ ကုမ္ပဏီလေးခုကို ရွေးချယ်ခဲ့သည်။

ဒုတိယစက်သုံးလုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ၁၉၆၇ ခုနှစ်၌ စတင်ခဲ့ရာ စက်တပ်ဆင်ရေးလုပ်ငန်းများကို ၁၉၇၀ မှ ၁၉၇၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး ၁၉၇၄ ခုနှစ် မတ် ၂ ရက်၌ စက်များကို စမ်းသပ်

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ထိန်းချုပ်ခန်း (Control Room) အတွင်းမြင်ကွင်း။

မောင်းနှင်နိုင်ခဲ့သည်။ မိုးဗြဲရေလှောင်ကန်သည် ၁၉၇၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကန်ရေအပြည့်သိုလှောင်ပြီးဖြစ်သောကြောင့် ၁၉၇၄ ခုနှစ် မတ် ၂ ရက်တွင် စက်ခြောက်လုံးဖြင့် ဓာတ်အားထုတ်လုပ်နိုင်ခဲ့သည်။ မူလစက်သုံးလုံးဖြင့် ကီလိုဝပ် ၈၄၀၀၀ သာအများဆုံးထုတ်လုပ် နိုင်ခဲ့ရာမှ တိုးချဲ့စက်သုံးလုံး တည်ဆောက်ပြီးစီးသည့်အတွက် ကီလိုဝပ် ၁၆၈၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ၁၉၅၄ ခုနှစ် ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်စဉ်ကပင် လျာထားချက်အရ ဘီလူးချောင်း အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၁၉၈၇ ခုနှစ် မတ်လတွင် စတင်တည်ဆောက်ခဲ့သည်။

ရည်ရွယ်တည်ဆောက်

လွိုင်ကော်မြို့မှ ခြောက်မိုင်ခန့်ကွာဝေးသော ဒေါတချားကျေးရွာအနီးတွင် ရေလွှဲတမံ၊ ရေသွင်းတံခါးနှင့်ရေပို့လွှဲများတည်ဆောက်၍ ကွန်ကရစ်ရေသွယ်မြောင်းဖြင့် ရေကန်သို့သယ်ယူရန်၊ ရေကန်မှတစ်ဆင့် ဖိအားနိမ့်သံမဏိပိုက်လိုင်း၊ ရေလျှံထိန်းစည်နှင့် ဖိအားမြှင့်သံမဏိပိုက်လိုင်းတို့ဖြင့် ဘီလူးချောင်းအမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရေသွယ်ယူပြီး ဓာတ်အားပေးစက်နှစ်လုံးကိုမောင်းနှင်ဓာတ်အားထုတ်ရန် ရည်ရွယ်တည်ဆောက်ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံသို့ ရေပို့လွှတ်သည့် ဖိအားနိမ့်ပိုက်လိုင်း(Low Pressure Pipe Line) ကို တွေ့ရစဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၁၀

(တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မြတ်ဘုရားရဲ့ တရားပေတံ တရားတော်** (ဆရာတော် အရှင်ဇောတိက)
- ၆:၄၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ ဆံတော်ရှင်ဦးဇိနစေတီ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၄)
- ၈:၃၀ Premier League Highlight
- ၈:၅၀ သာသနာ့ကောင်းကင်ယံက ဓမ္မကထိက ကြယ်စင်များ
- ၉:၀၅ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သာသနာ့အောင်ပွဲ
- ၉:၁၀ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက် သာသနဟိတကာရီ ကျောင်းဆောင်တော်မြတ်ကြီး ကျောင်းလွှတ်ပူဇော် အလှူတော်မင်္ဂလာ
- ၉:၂၅ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
- ၉:၄၀ Global Panorama
- ၁၀:၅၅ Complete ICT Solution Provider For Computer Networking
- ၁၁:၂၀ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
- ၁၁:၄၀ International Show Biz
- ၁၂:၀၀ လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
- ၁၂:၂၅ တစ်ခါစားကြည့် အရသာသိ စွဲငြိစေမည် မဟာဌာနီ
- ၁၂:၄၀ ရှင်တော် မဟာမုနိ.... ဘဂဝါပူဇေမိ
- ၁:၀၀ **မြတ်ဘုရားရဲ့ တရားပေတံ တရားတော်** (ဆရာတော် အရှင်ဇောတိက)
- ၁:၄၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ ဆံတော်ရှင်ဦးဇိနစေတီ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ အနုပညာမိုးကောင်းကင်
- ၃:၂၀ စာအုပ်ပြခန်း (စာအုပ်ကမ္ဘာရေးသားသူ ဆရာဖေမြင့်နှင့်တွေ့ဆုံခြင်း)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၄)
- ၄:၁၀ မူဟန်ကိုယ်စီတေးကိုသီ
- ၄:၂၅ သာသနာ့ကောင်းကင်ယံက ဓမ္မကထိက ကြယ်စင်များ
- ၄:၄၅ Complete ICT Solution Provider For Computer Networking
- ၅:၀၅ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက် သာသနဟိတကာရီ ကျောင်းဆောင်တော်မြတ်ကြီး ကျောင်းလွှတ်ပူဇော် အလှူတော်မင်္ဂလာ
- ၅:၂၅ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သာသနာ့အောင်ပွဲ
- ၅:၃၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ဒိုရေမီအဖွဲ့နှင့်တွေ့ဆုံခြင်း)
- ၆:၄၅ သဘာဝကပေးတဲ့အကျိုးအာနိသင် (ဆရာကြီးမန်းဝင်း) မန်းဝင်း၊ လဲ့ယမင်း၊ ရွှန်းပြည့်ပိုင်၊ မီးမီးသုခ ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)
- ၇:၁၀ International Show Biz
- ၇:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၉:၀၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၄)
- ၁၀:၀၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ဒိုရေမီအဖွဲ့နှင့်တွေ့ဆုံခြင်း)
- ၁၀:၂၅ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
- ၁၀:၄၀ ဆီးချိုရောဂါကြောင့်မျက်စိ အပေါ်သက်ရောက်မှုဆိုးကျိုးများ (ပါမောက္ခဒေါက်တာမြအောင်)
- ၁၁:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၃၀ **မေတ္တာပန်းတို့မွေးပုံ့စေ** ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီ ချိုပြုံး (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
- ၁၁:၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၁:၂၄	Man City - Wigan	ESPN (Live)
	Man City - Wigan	MRTV - 4 (Live)

အထက်ပိုင်းဒေသများ၌ ထစ်ချုန်းမိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၂၈

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၁ဒသမ ၇၃ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ဒသမ ၅၇လက်မ၊ မုဒုံမြို့တွင် ၀ဒသမ ၀၂လက်မ၊ ဟုမ္မလင်းမြို့တွင် ၀ဒသမ ၈၆လက်မ၊ မြဝတီမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၀ဒသမ ၇၁ လက်မစီ၊ မချမ်းဘောမြို့တွင် ၀ဒသမ ၆၃ လက်မ၊ ပူတာအိုမြို့တွင် ၀ဒသမ ၅၅လက်မ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၃၉ လက်မ၊ ဗန်းမော်မြို့နှင့် ခန္တီးမြို့တို့တွင် ၀ဒသမ ၃၅ လက်မစီတို့ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>မတ် ၂၉ရက်ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

29-3 (07).pmd 1 3/29/2010, 2:16 AM

❒ *ကျောဖုံးမှ*

စတိုးဆိုင်ကြီးများက အစီအရီ....။ လမ်းတစ်လျှောက်တွင်လည်း ဆိုင်ကယ်

“တာချီလိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ဆောင်ရွက်နေပါတယ်”

ဥက္ကဋ္ဌ
ဦးတင်ထူးမောင်
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

များ၊ မော်တော်ယာဉ်များက မပြတ်တမ်း မောင်းနှင်သွားလာလျက်။ တာချီလိတ်မြို့ကား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု

တာချီလိတ်မြို့သို့ သတင်းအဖွဲ့ ရောက်ရှိစဉ် မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာခဲ့သည်။ တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဖြစ်သူ ဦးတင်ထူးမောင်နှင့် တွေ့ဆုံခဲ့ရာ၌ “တာချီလိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ ဆောင်ရွက်နေကြောင်း၊ မြို့ပေါ်တွင်သာမက မြို့နယ်အတွင်း ကျေးလက်များတွင်လည်း ဟန်ချက်ညီညီ တိုးတက်လာစေရေးအတွက် စီမံဆောင်ရွက်နေပါကြောင်း” ရှင်းပြသည်။

တာချီလိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားလုပ်ဆောင်ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ် ကြီးကြပ်တာဝန်ပေးမှုဖြင့် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများပူးပေါင်းကာ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို တွေ့မြင်ရသည်။

ရာသီအလိုက်သီးနှံ

တာချီလိတ်မြို့သည် ဗိုလ်ချုပ်လမ်းမကြီး တစ်ဖက်တစ်ချက်တွင် ရွာတန်းရှည်ကဲ့သို့ တည်ဆောက်ထားခြင်းဖြစ်သည်။ ရပ်ကွက်ပေါင်း ခြောက်ရပ်ကွက်ရှိပြီး တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကာ ဒေသထွက်ကုန်များရောင်းဝယ်ခြင်း၊ ရာသီအလိုက်သီးနှံများ စိုက်ပျိုးခြင်းများကို စီးပွားဖြစ်လုပ်ကိုင်ကြသည်။

ခံ့ခံ့ထည်ထည်

တာချီလိတ်မြို့၏ အောင်မြတ်ခန်းမကြီးကလည်း အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် ညှိခံပွဲများကျင်းပနိုင်အောင် ခံ့ခံ့ထည်ထည်တည်ရှိနေသလို ဧည့်သည်များအတွက်လည်း တည်းခိုရန် စီစဉ်ပေးနိုင်ကြောင်း သိရသည်။

တာချီလိတ်မြို့ လေယာဉ်ကွင်းသို့ သွားရာလမ်းနှင့် လမ်းလယ်ကျွန်းပန်းများ လှပဝေဆာ ပွင့်ဖူးနေပုံကို ဤသို့တွေ့နိုင်သည်။

ချစ်ကြည်ရေးတံတား

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အပြန်အလှန်ကူးလူးသွားလာနိုင်ရန် တည်ဆောက်ထားသော ချစ်ကြည်ရေးတံတား(၁)နှင့်(၂)တို့ကလည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် အထိမ်းအမှတ်တစ်ခုပင်ဖြစ်သည်။ အမှတ်(၁) ချစ်ကြည်ရေးတံတားသည် နှစ်နိုင်ငံ ပြည်သူများ ကူးလူးသွားလာနိုင်ရေးအတွက်ဖြစ်ပြီး ချစ်ကြည်ရေး တံတား(၂)မှာ ကုန်ပစ္စည်းများ အပြန်အလှန် တင်ပို့တင်သွင်းရာ တံတားအဖြစ်တည်ဆောက်ထားသည်။ ချစ်ကြည်ရေး တံတား (၁)ပေါ်တွင် နှစ်နိုင်ငံပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနေကြသည်ကို မြင်တွေ့ရသည်။

ဘုရင့်နောင်ရုပ်တု

တာချီလိတ်ခရိုင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးရုံးအနီး ပန်းခြံအတွင်း တွေ့မြင်ရသော ဘုရင့်နောင် ရုပ်တုကြီးကလည်း မြန်မာတို့၏ စိတ်ဓာတ်နှင့် အားမာန်တို့ကို နိုးကြားစိတ်ဖြစ်စေအောင် လက်ရာမြောက်စွာ ပြုလုပ်ထားသည်ကို တွေ့ရသည်။

ထို့မှတစ်ဆင့် တာချီလိတ်မြို့ မကာဟိုခမ်း ရပ်ကွက်အတွင်း တည်ရှိသော တာချီလိတ်မြို့ ဆေးရုံဘက်သို့ ရောက်ခဲ့ရာ ဆေးရုံကြီးက ဒေသခံ တိုင်းရင်းသားများ၏ ကျန်းမာရေးကို ပြည့်ပြည့်ဝဝ စောင့်ရှောက်ကုသပေးနေကြောင်း တွေ့ရသည်။ တစ်ဖန် မကာဟိုခမ်းရပ်ကွက်ရှိ တာချီလိတ် အထက်တန်းကျောင်းကလည်း ဒေသခံ တိုင်းရင်းသားရင်သွေးငယ်များ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန် ကျယ်ဝန်းခိုင်ခံ့စွာ တွေ့မြင်ရသည်။ ဤသည်မှာ ကျောင်းသားကျောင်းသူများ၏ စာကျက်သံ၊ ဆရာ ဆရာမများ၏ စာသင်သံများကလည်း ကြည်နူးဖွယ်ရာ လေမှာလွင့်ပျံ့နေသည်။

ဖွံ့ဖြိုးတိုးတက်မှု

တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်း အတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ ပုန်းထွန်ရပ်ကွက်၌ တည်ဆောက်ထားသည့် ရွှေတြိဂံ ပါရာဒိုက်ဟိုတယ်၊ ရှမ်းရိုးမကုန်တိုက်၊ ရွှေနန်းတော် ကုန်တိုက်များကလည်း တာချီလိတ်မြို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ညွှန်း ပြဆိုလျက်ရှိနေသည်ကို တွေ့ရသည်။

ပြေးဆွဲပေးနေ

တာချီလိတ်မြို့တွင်း၌ ခရီးသည်တင်မော်တော်ယာဉ်လိုင်းများ ပြေးဆွဲပေးလျက်ရှိရာ တာလီ-မိုင်းကိုး၊ တာလီ-မိုင်းဖုန်း၊ တာလီ-ဟောင်လိတ်နှင့် တာလီ-မယ်လန်း စသည့် မော်တော်ယာဉ်လိုင်းများက မြို့နေပြည်သူတို့ စိတ်ချမ်းမြေ့အောင် နေ့စဉ်ပြေးဆွဲပေးနေကြောင်း မြင်တွေ့ခဲ့ရသည်။ ခရီးတို ယာဉ်လိုင်းအဖြစ် တာလီ-တာလေ၊ တာလီ-ကျိုင်းလပ် ခရီးစဉ်များကို နေ့စဉ် ပြေးဆွဲပေးနေသည်။ အဝေးပြေးယာဉ်လိုင်းအဖြစ် တာလီ-မိုင်းဖြတ်-ကျိုင်းတုံ ရှိနေရာ ခေတ်မီအဆင့်မြင့်မော်တော်ယာဉ်များဖြင့် နေ့စဉ် ပြေးဆွဲပေးနေကြောင်း တွေ့ခဲ့ရသည်။

တာချီလိတ်မြို့နှင့် ထိုင်းနယ်စပ်ကို ဆက်သွယ်ထားသည့် ချစ်ကြည်ရေး တံတား(၁)ကို ဤသို့ တွေ့ရသည်။

ဆက်သွယ်ရေး

တာချီလိတ်မြို့၏ ဆက်သွယ်ရေးစနစ်ကား ကောင်းမွန်သည်။ တည်ဆောက်ပေးထားပြီးဖြစ်သည့် ဂျီအက်စ်အမ်စခန်းနှစ်ခုနှင့် အော်တိုတယ်လီဖုန်းလိုင်းများမှ ဝန်ဆောင်မှုအဖြစ် တစ်နိုင်ငံလုံးသို့ ပီသကြည်မြလွယ်ကူစွာ ပြောဆိုနိုင်ကြသည်ကို ဝမ်းမြောက်စွာ တွေ့ခဲ့ရသည်။

အခြေခံကောင်း

ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော တာချီလိတ်မြို့ကား ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ကောင်းများ ရရှိနေပြီး အခြေခံကောင်းများလည်း ရရှိနေပေပြီ။ အေးချမ်းတည်ငြိမ်နေမှုကြောင့် တိုးတက်မှု လျင်မြန်ရခြင်းရလဒ်ကား ထင်ရှားပီပြင်လှပါကြောင်းကို ခရီးတစ်ထောက် လေ့လာရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့
မျက်နှာစုံညီ အစည်းအဝေးကျင်းပ

မိတ္ထီလာ မတ် ၂၈

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကို မတ် ၁၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဘထိန်(ထီလာဖိုးဘထိန်)က ဆောင်ရွက်သည်။ အခမ်းအနားတွင် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို သာစည် အောင်တင်ကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဦးမျိုးတင့်(စုကြည်မျိုး)က လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ရွေးချယ်

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက အကြံပြုကြပြီး အမှုဆောင်အဖွဲ့သစ်အဖြစ် ဥက္ကဋ္ဌ ဦးဘထိန်(ထီလာဖိုးဘထိန်)၊ အတွင်းရေးမှူး ဦးချစ်သန်း(ခင်ငြိမ်း)၊ ဘဏ္ဍာရေးမှူး ဦးထိန်ဝင်း(မောင်ထိန်ဝင်း ထီလာ)၊ အမှုဆောင်အဖြစ် ဦးအောင်တင်(သာစည် အောင်တင်)နှင့် ဦးမျိုးတင့်(စုကြည်မျိုး)တို့ကို ရွေးချယ်တင်မြှောက်ကြပြီး ပဉ္စမအကြိမ် စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးဘထိန်အား ရွေးချယ်ခဲ့သည်။ (၀၇၈)

သက်ကြီးဂီတပညာရှင်ကြီးများအား
ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ပထမအကြိမ် အသက် ၈၀နှင့်အထက် သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို မေ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခ ကျောင်းတော်ကြီး၌ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုကြသည့် အနုပညာရှင်များ၊ အလှူရှင်များသည် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အမှတ်(၂) ဓမ္မဒါနလမ်း နတ်ချောင်းရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၅၈၆၃သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ *ရှေ့ဖုံးမှ*

လက်ပန်လှ တံတားကို သံကူကွန်ကရစ်အုတ်မြစ်၊ သံကူကွန်ကရစ် ရေတွင်းခွေ၊ အပေါ်ထည်နှင့် အောက်ထည်ကို သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ခဲ့ပြီး စုစုပေါင်းတံတား အရှည်ပေ၂၄၀ရှိသည်။ ယာဉ်သွားလမ်း အကျယ် ၂၄ပေရှိကာ နှစ်လမ်းသွား တံတားဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပေသည်။

အကုန်အကျခံ

သို့ဖြစ်ရာ နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးထားသော လမ်း၊ တံတားများ ရေရှည်တည်တံ့ပြီး အသုံးပြုနိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၂၉-၃-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၅။	မျိုးချစ်တပ်မတော်
၄:၄၀	၆။	စိုက်ပျိုးသုတ
၄:၅၀	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၂)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of the Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၃၂)

ခြင်ဆေးခွေသုံးလျှင် အနီးတွင်
လောင်စာပစ္စည်း မထားနှင့်



(၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်စစ်သမိုင်းပြတိုက် ဆက်လက်ဖွင့်လှစ်ပြသ

ရန်ကုန် မတ် ၂၈

(၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်ကို ယနေ့ တတိယ နေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသရာ ရပ်နီးရပ်ဝေးမှ ပြည်သူ စုစုပေါင်း ၆၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာ ကြသည်။

ပြသထား

တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများနှင့်ဝန်ကြီးဌာနများ၏ တိုင်းကျိုးပြည်ပြုပြခန်းများကို ပြသထားသည်။

တပ်မတော် စစ်သမိုင်းပြတိုက်ကို (၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ဧပြီ ၄ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီ အတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် (၆၅)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းစစ်ဌာနချုပ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ရက် နံနက်၇နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်သည်။

အလေးပြု

ရှေးဦးစွာ တိုင်းမှူးသည် စစ်ရေးပြစစ်ကြောင်းများ၏ အလေးပြုခြင်းကိုခံယူပြီး တိုင်းမှူး၊ စစ်ရေးပြစစ်ကြောင်းနှင့် ဧည့်သည်တော်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြသည်။

ဆက်လက်၍ စစ်ရေးပြစစ်ကြောင်းမှ တပ်မတော်သားများက သစ္စာလေးချက် ရွတ်ဆိုကြသည်။ ထို့နောက် တိုင်းမှူးက (၆၅)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားသည်။ (အပေါ်ပုံ)

ဆုချီးမြှင့်

ယင်းနောက် တိုင်းမှူးက (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသော အရာရှိ၊ အရာခံ၊ အကြပ်တပ်သားတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြအခမ်းအနား၌ ဆုများရရှိကြသော စစ်ရေးပြတပ်ခွဲများအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



● ကျော်ဖုံးမှ

ခန္ဓာကိုယ်အလေးချိန်ပေါင် ၁၅၀ခန့်ရှိသောလူတစ်ဦးသည် တစ်နေ့လျှင် သောက်ရေသန့် ၈အောင်စခန့် သောက်သုံးသင့်ကြောင်း၊ သို့မှသာ အသည်း၊ ကျောက်ကပ်နှင့် ခန္ဓာကိုယ်အတွင်း သွေးစီးဆင်းမှု မှန်ကန်စေပြီး ပုံမှန် လုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်ရာ စနစ်တကျရေသောက်ရန် လိုအပ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကာကွယ်နိုင်

ထို့အပြင် ပေါင် ၁၅၀ကိုယ်အလေးချိန်ရှိသူတစ်ဦး၏ ခန္ဓာကိုယ်တွင် ရေ သို့မဟုတ် အရည်၁၀ဂါလန်ခန့် ရှိနေရမည်ဖြစ်သည်။ ယင်းထက် လျော့နည်းနေပါက ကျန်းမာရေးချို့ယွင်းနိုင်ပြီး အပူဓာတ်ကြောင့် ဖြစ်တတ်သည့်ရောဂါများဖြစ်ပွားစေနိုင်သည်ဟု သိရသည်။

ထို့ကြောင့် သန့်ရှင်းသောသောက်ရေသန့်ကို နေ့စဉ်ပုံမှန် သောက်သုံးခြင်းဖြင့် ဆိုးရွားသောရောဂါများမဖြစ်ပွားရန် ကာကွယ်နိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။

ယခုအပတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၂၈

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ် ၁၃ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် NIBBAN ELECT RIC & ELECTRON-ICS လုပ်ငန်း မန်နေဂျင်းဒါရိုက်တာနှင့်တွေ့ဆုံလျက် မြန်မာ့စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓေ့ငုတင်ပြထားသော "စက်မှုလုပ်ငန်းတွင် ISO-9001-2010 version အဆင့် မဖြစ်မနေ အဆင့်မြှင့်လုပ်ကြရမည်" မျက်နှာဖုံးဆောင်းပါး၊ ပုဂ္ဂလိကလွှဲပြောင်းလုပ်ပိုင်ခွင့်ပေးမှုနှင့်အတူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြန်ဆန်စွာတိုးတက်လာသည့် အိမ်နီးချင်းတရုတ်နိုင်ငံ၏ အခြေအနေကို လေ့လာဆန်းစစ်တင်ပြထားသော "တရုတ်နိုင်ငံဟာ ဥရောပ နိုင်ငံတွေထက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမြန်ဆန်နေတယ်ဆိုတာ လက်တွေ့ကျကျ တွေ့မြင်နိုင်" သတင်းဆောင်းပါး၊လူထုစိန်ဝင်း၊ မောင်ဝံသ၊ကိုကိုလှိုင်၊ အောင်(ဆေး-၁)တို့၏လေ့လာမှတ်သားဖွယ် ရသစုံဆောင်းပါးများကို ဖော်ပြထား သည်။

ဖော်ပြ

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ လူထုလူတန်းစားအလွှာအသီးသီးမှ ပုဂ္ဂိုလ်များ၏ "ရွေးကောက်ပွဲဆိုင်ရာ သူတို့အမြင်သူတို့သဘောထား"၊ ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီ အဖွဲ့အစည်းများနှင့် ပါတီဝင်များ၏ နိုင်ငံရေးအစဉ်အလာ၊ အရည်အသွေးနှင့် သဘောထားများကို စုစည်းမိတ်ဆက်တင်ပြထားသည့် "သူတို့အမြင် သူတို့ အကြောင်း" နှင့် ရွေးကောက်ပွဲဆိုင်ရာ ပါတီအဖွဲ့အစည်းများ၏ လှုပ်ရှား ဆောင်ရွက်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက် များကို စုံစုံလင်လင်ဖော်ပြပါရှိသည်။

ထို့ပြင် မြန်မာပို့စ်ဂျာနယ်၏ ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာ အားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များ၊ မှုခင်းစုံ စသည့်ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ခင်းခြင်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် Total E&P Myanmar (TEPM) ၏ General Manager Mr. Nicolas Terraz နှင့် အဖွဲ့နှင့်အတူ မတ် ၂၆ရက် နံနက်ပိုင်းက မုတ္တမကမ်းလွန်ပင်လယ်ပြင်၌ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်သုံးစွဲရန်အတွက် ၂၄လက်မ ကမ်းလွန်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသော Swiber Conquest Pipelay Barge သင်္ဘောပေါ်သို့ ရောက်ရှိစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ သင်္ဘောပေါ်ရှိ အစည်း အဝေးခန်းမ၌ Swiber ကုမ္ပဏီမှ တာဝန်ရှိသူများက လက်ရှိ ၂၄လက်မ ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ခင်းကျင်းနေမှုကို ရှင်းလင်းတင်ပြကြ ရာ ဝန်ကြီးက ပိုက်ခင်းခြင်းလုပ်ငန်း၏ နည်းစဉ် အဆင့်ဆင့်ကို သတ်မှတ်ချက် အတိုင်း ဂရုပြုဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင်မြင်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးက ပိုက်ခင်း သင်္ဘောပေါ်ရှိ ဝန်ထမ်းများကိုယ်စား သင်္ဘော၏ Superintendent, Mr. Ronal Dwaye David အား ဂုဏ်ပြု သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး သင်္ဘောပေါ်တွင် ၂၄လက်မ ပိုက်လိုင်း များ ဂဟေဆော်ခြင်း၊ ဂဟေသားများ စစ်ဆေးခြင်း၊ ပိုက်လိုင်း Joint များ အား သံချေးကာကွယ်စနစ်များ တပ်ဆင်ခြင်း၊ ပင်လယ်အောက်တွင် ပိုက်လိုင်း Joint များ ကြံ့ခိုင်စေရန် Foam Injection များ စနစ်တကျ ပြုလုပ်ခြင်းများနှင့် အဆင့်လိုက် ဆောင်ရွက်ပြီးသည့် ပိုက်များအား ပင်လယ်ရေအောက်ကြမ်းပြင်သို့လျှောချ ခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။(အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ သည် ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာ ရာ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့နယ်ရှိ ဒေါ်ညိမ်း ကျေးရွာအနီး၌ တည်ဆောက်လျက် ရှိသော ၂၄လက်မ ကမ်းလွန်သဘာဝ ဓာတ်ငွေ့ Pipe Line Center လုပ်ငန်း ခွင်သို့ရောက်ရှိပြီး ယာယီရှင်းလင်း ဆောင်၌ တာဝန်ရှိသူများက လက်ရှိ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက ယခုကမ်းလွန်ဘက်မှ လာသော ၂၄လက်မ ကမ်းလွန်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းကုန်းပေါ် စတင် တက်ရောက်မည့် Land Fall နေရာ၌ တည်ဆောက်လျက်ရှိသော ဒေါ်ညိမ်း Pipe Line Center အပိုင်းကိုလည်း အချိန်ကိုက် ပြီးစီးအောင် ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်သဖြင့် အဆောက်အအုံ ဆောက်လုပ်မှုအပိုင်း နှင့် စက်များရောက်ရှိ တပ်ဆင်မှု အပိုင်းများကိုပါ သတ်မှတ်ကာလ အတွင်းပြီးစီးအောင်မြင်ရေးဆောင်ရွက် သွားကြရန် မှာကြားပြီး ဒေါ်ညိမ်း Pipe Line Center တည်ဆောက်နေ မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်သုံးစွဲနိုင်ရန်အတွက် ယခု ဆောင်ရွက်လျက်ရှိသော ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ခင်းခြင်းလုပ်ငန်းသည် ကုန်းတွင်းပိုင်း အရှည် ၈၆မိုင်ခန့်နှင့် ကမ်းလွန်ပိုင်း အရှည် ၉၃မိုင်ခန့် စုစုပေါင်းအရှည် ၁၇၉မိုင်ခန့် ရှိသည်။ ယနေ့အထိ အဆိုပါ လုပ်ငန်းများအနက် ကုန်းတွင်း ပိုင်း အရှည် ၈၆မိုင်လုံးအား ပိုက်လိုင်း ခင်းကျင်းပြီးဖြစ်သဖြင့် အပြီးသတ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပင်လယ်ပြင်ရှိ ကမ်းလွန်ပိုင်းအရှည် ၉၃မိုင်အနက် ၈၅မိုင်ခန့် ပိုက်လိုင်း ခင်းကျင်းခြင်းပြီးစီးပြီဖြစ်ရာ လုပ်ငန်း များအားလုံးကို သတ်မှတ်ကာလ အတွင်း ပြီးစီးအောင်မြင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၂၈

မောင်တော၌ ကုန်သည်များအသင်း သင်းလုံးကျွတ်စည်းဝေး

ရခိုင်ပြည်နယ် မောင်တောမြို့ နယ်စပ်ကုန်သွယ်ရေး ကုန်သည်များ အသင်း၏ ၂၀၀၉ခုနှစ် သင်းလုံးကျွတ်အစည်းအဝေးကို မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ဖေဖော်ဝါရီ ၂၇ရက်ကကျင်းပရာ သဘာပတိ ကုန်သည် များအသင်း ဥက္ကဋ္ဌ ဦးရွှေသာက အမှာစကားပြောကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး ချမ်းမြသာစည်၌ အသိပညာပေး

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၄ရက်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး အသိပညာပေးဟောပြောပွဲကို ချမ်း/တောင် ရပ်ကွက်ရှိ ချမ်းမြသီဟစာကြည့်တိုက်၌ ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

တီးတိန်၌ အိုင်အိုဒင်းဆားအရည်အသွေးစစ်ဆေး

တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝှန့်ပြင်းထန် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ မတ် ၇ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများရှိ ကုန်စုံဆိုင်နှင့် လမ်းဘေးအိမ်ဆိုင်များတွင် ရောင်းချသော အိုင်အိုဒင်းဆားများ၏အရည်အသွေးပြည့်မီခြင်း ရှိမရှိစစ်ဆေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သိန်းနီမြို့နယ် ပြန်/ဆက်ရုံး အဆောက်အအုံသစ်ဖွင့်

လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သိန်းနီရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၀ရက် နံနက် ၉နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းနှင့် လားရှိုးခရိုင်ဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဟုမ္မလင်း၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဟုမ္မလင်းမြို့နယ် ဟူနောင်ဟင်နောင်ကျေးရွာ၌ လမင်းသာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀နာရီက ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးသန့်နှင့် ရပ်မိရပ်ဖ ဦးမောင်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဖားကန့်၌ ပန်းတင်တံတားပြုပြင်မွမ်းမံ

ဖားကန့်မြို့နယ်ပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မတ်၂ရက် က ဖားကန့်မြို့အဝင် ပန်းတင်တံတား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးထိုက်ဝင်းနှင့်အဖွဲ့ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဝင်းတို့က ကြီးကြပ်ပေး သည်။

(မြို့နယ်စည်ပင်)

မကွေးစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်တင်

မကွေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်တင်ပွဲကို မတ် ၂ရက်က မကွေးမြို့ ရွာသစ်ရပ် ၁၆ လမ်းရှိ မကွေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး နေခြည်(မကွေး)၏ နေအိမ်၌စိုက်ထူရာ မကွေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မကွေးဝင်းမြင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (စာပေနှင့်စာနယ်ဇင်း)

စာအုပ်စာစောင်တိုးပွားရေး မိုးမောက်၌ ဆွေးနွေး

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့် စာထောက်(၃) ဒေါ်မြမြရင်တို့သည် မတ် ၅ရက်က ဝဝမ်ကျေးရွာ အရှဏ်ဦး စာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် တိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်မားရေးတို့ကိုဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

နွားထိုးကြီးမြို့နယ်၌ ဖက်တောကန်ပြုပြင်တည်ဆောက်

နွားထိုးကြီးမြို့နယ် ဥက္ကဋ္ဌ ဦးဉာဏ်မျိုးသည် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၇ရက်က နွေအမီပြုပြင်နေသော နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာအုပ်စု ဖက်တောကန် တည်ဆောက်ရေး လုပ်ငန်းကို ကွင်းဆင်းကြည့်ရှုသည်။ (၀၉၂)

မြဝတီမြို့ ကျော်ဇေယျလမ်း ကတ္တရာခင်းရန် ကျောက်စီ

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျော်ဇေယျလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းရန်အတွက် ကျောက်စီခြင်းအခြေအနေကို ဖေဖော်ဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာဦးဌေးစိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

❒ ရှေ့ဖုံးမှ

အထောက်အကူပြု

အဆိုပါ ချောင်းကြီးချောင်းတံတားသည် တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာအုပ်စု ထန်းပင်ကောက်ကျေးရွာအနီးတွင် တည်ရှိပြီး အရှည် ၁၉၁ပေရှိ သစ်သားတံတားဖြစ်သည်။ လူသွားလမ်းအကျယ် ၈ပေရှိ၍ ချဉ်းကပ်လမ်းမှာ ပေ ၁၄၀ရှည်လျားသည်။ တံတားကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ပန္နက်ရိုက်ဆောက်လုပ်ပြီး ရက်ပေါင်း ၄၀အတွင်း ပြီးစီးအောင် ဆောက်လုပ်ခဲ့သဖြင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကာ ကျေးရွာခွဲပေါင်း ၈၀ကို အထောက်အကူပြုသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တောင်ငူမြို့နယ် ထန်းပင်ကောက်ကျေးရွာအနီးရှိ ချောင်းကြီးချောင်း တံတားသစ်ဖွင့်ပွဲတွင် တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လက်ရှိချန်ပီယံ ရတနာပုံ၊ မကွေး .... ပြီးတော့ ရန်ကုန်ယူနိုက်တက်ကို ထပ်မံအနိုင်ယူလိုက်တဲ့ ဧယျာဝတီ

ရန်ကုန် မတ် ၂၈

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက ဆက်လက်ကျင်းပရာ ဧယျာရွှေမြေအသင်းနဲ့ ဒယ်လ်တာယူနိုက်တက်အသင်းတို့ နိုင်ပွဲတွေ ရရှိသွားပါတယ်။

သုဝဏ္ဏကွင်း

ဧယျာရွှေမြေ - တစ်ဂိုး
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

ဧယျာရွှေမြေ အသင်းကတော့ အခုပြိုင်ပွဲမှာ တောက်လျှောက်ခြေစွမ်းပြနေပြီး သုံးပွဲစလုံး အနိုင်ရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပါတယ်။ ပွဲဦးထွက်ပွဲမှာ လက်ရှိချန်ပီယံ ရတနာပုံကို ဂိုးပြတ် အနိုင်ရခဲ့သလို အသင်းလိုက် ကစားပုံမှာ အကောင်းဆုံး ပုံစံရထားတဲ့ မကွေးတို့ကို နှစ်ပွဲဆက် အနိုင်ရထားတဲ့ ဧယျာရွှေမြေအသင်းဟာ အခုပွဲမှာလည်း အမှတ်ပေးဇယား ဦးဆောင်ခွင့်အတွက် အရေးပါတဲ့ပွဲစဉ်မှာလည်း ရန်ကုန်ယူနိုက်တက်ကို ထပ်မံ အနိုင်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဧယျာရွှေမြေမှ ကျော်ကိုကို၏ ထိုးဖောက်မှုကို ရန်ကုန်ယူနိုက်တက် နောက်ခံလူ ဟန်ဆန် ဟန့်တားဖျက်ထုတ်နေစဉ်။

သုံးပွဲဆက် အနိုင်ရယူပေး

ပေးဂိုးလုံးဝမရှိသေးတဲ့ ဧယျာရွှေမြေအသင်းရဲ့ ခံစစ်ပိုင်းဟာ အခုပွဲမှာ အမှားလုံးဝမရှိခဲ့ဘဲ ရန်ကုန်ယူနိုက်တက် အသင်းတိုက်စစ်မှူးတွေ အဆုံးသတ် အားနည်းခဲ့တာကြောင့်လည်း ပေးဂိုးမရှိ စံချိန်ကို ဆက်လက်ထိန်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဧယျာရွှေမြေအတွက် သုံးပွဲဆက် အနိုင်ကို ရယူပေးခဲ့သူကတော့ မကွေးနဲ့ပွဲတုန်းက လူစားဝင်လာပြီး အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ရဲဝေယံစိုးပဲဖြစ်ပါတယ်။ ရဲဝေယံစိုးဟာ အခုပွဲမှာလည်း လူစားဝင်လာပြီး ၇၇မိနစ်မှာ တစ်လုံးတည်းသော အနိုင်ဂိုးကို အသင်းခေါင်းဆောင်ဇော်လင်းထွန်း-၂ ရဲ့ ဖြတ်တင်ဘောကနေ ခေါင်းတိုက်သွင်းယူခဲ့တာကြောင့် ဧယျာရွှေမြေရဲ့ Super-sub လို့ပဲ ပြောရတော့မှာပါ။

ခြေအသာရ

ရန်ကုန်ယူနိုက်တက် အသင်းဟာ အခုပွဲမှာ ဧယျာရွှေမြေကို ခြေအသာရခဲ့ပေမယ့် အဖွင့်ပွဲမှာ ကမ္ဘောဇနဲ့ တွေ့ဆုံတုန်းကလိုပဲ အဆုံးသတ် ဂိုးသွင်းညံ့တာကြောင့် အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ပထမပိုင်းမှာ တိုက်စစ်မှူးကျော်သူရ အပိုင်နှစ်ကြိမ်ရပေမယ့် အသုံးမချနိုင်တာကတော့ စိတ်ပျက်စရာဖြစ်ခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်း ခံစစ်ပိုင်းဟာ ပထမပိုင်းမှာ အမှားမရှိခဲ့ပေမယ့် ဒုတိယပိုင်းမှာ ဟာကွက်တွေရှိခဲ့ပြီး ဂိုးပေးခဲ့ရတာဖြစ်ပါတယ်။

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်
ဇင်မင်းသန့် စာမျက်နှာဖွဲ့စည်းသည်

ဗထူးကွင်း

ဒယ်လ်တာယူနိုက်တက် - သုံးဂိုး
ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

အသင်းသစ် ဇွဲကပင်အသင်းဟာ ပထမပိုင်းမှာ ဒယ်လ်တာတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ ဂိုးတွေပေးခဲ့ရပါတယ်။ဒယ်လ်တာအတွက် အနိုင်ဂိုးတွေကို ၅၈မိနစ်မှာ ဂျိမ်းစ်၊ မိနစ်၆၀မှာ လှအေးထွေးနဲ့ ၈၇မိနစ်မှာ စတန်လေတို့က သွင်းယူခဲ့ပေးခဲ့ပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

နေပြည်တော် - ကမ္ဘောဇ

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် မတ် ၂၈

အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် (Myanmar Traditional Sports Federation) က ကြီးမှူး၍ ၂၀၁၀ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာ စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်ကို မတ် ၃၁ရက်မှ ဧပြီ ၄ရက်အထိ နေ့စဉ် နံနက် ၉နာရီမှစ၍ ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

သတ်မှတ်ထား

ပြိုင်ပွဲအမျိုးအစားများကို တစ်ဦးချင်း စွန်ဖြတ်ပြိုင်ပွဲ၊ အသင်းလိုက်စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်အဖြစ် သတ်မှတ်ထားသည်။

ရှုံးထွက်စနစ်

ပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်းများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်များ၊ ကလပ်အသင်းများနှင့် စက်ရုံ အလုပ်ရုံအသင်းများ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားပြီး မည်သည့် အဆင့်အတန်းရှိ အားကစားသမားများမဆို ပါဝင်ယှဉ်ပြိုင် ကစားနိုင်ခွင့်ရှိသည်။ ပြိုင်ပွဲကို ရှုံး/ထွက်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်

အဆိုပါပြိုင်ပွဲများ၌ အနိုင်ရရှိကြသူများအား ဆုကြေးကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***



ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စုပေါင်းရုံးလမ်း ကတ္တရာခင်းရန် ကျောက်စီခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်လှယဉ်အေး ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု ထန်းတပင်၌ ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်နှင့် သံပုရာကုန်းကျေးရွာ ပြည်တော်အေး စာကြည့်တိုက်များသို့ မတ်၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းတို့သည် စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် အချိန်မီ ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးကြပြီး ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်ရေး၊ စာအုပ် စာစောင် တိုးပွားရေး၊ ငွေပဒေသာပင်ရရှိရေး ဝိုင်းဝန်းကြိုးပမ်းကြရန် ဆွေးနွေးမှာကြားသည်။
(မြို့နယ် ပြန်/ ဆက်)

မြန်မာ့အလင်း ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

တိုက်စစ်မှူးတောရက်စ် ခြေစွမ်းပြကစား လီဗာပူး အဆင့်(၅)နေရာ တက်လာ

လန်ဒန် မတ် ၂၈

ပရီမီယာလိဂ်ပွဲစဉ် ၃၂ လက်ကျန်ပွဲစဉ်များကို မတ် ၂၈ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘလက်ဘန်းက ဘန်လေအိမ်ကွင်း၌ အနိုင်ရပြီး ရမှတ် သုံးမှတ်စုဆောင်းနိုင်ခဲ့သည်။

ဘလက်ဘန်းအနိုင်ရ

ဘလက်ဘန်း အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒေးဗစ်ဒန်းက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ယင်းပယ်နယ်တီမှာ ပွဲချိန် မိနစ် ၂၀ တွင် ဘန်လေဂိုးသမား ဘရိုင်ယန်ဂျင်ဆင်က ဘလက်ဘန်း ကစားသမား မာတင်အော်လ်ဆင်အား ဂိုးဧရိယာအတွင်း ဆွဲချခဲ့သဖြင့် ဒိုင်လူကြီးက ပယ်နယ်တီပေးခဲ့ခြင်းဖြစ်သည်။

ဘလက်ဘန်းတို့ ယင်းအနိုင်ပွဲကြောင့် အမှတ်ပေးဇယား နံပါတ် ၁၀ သို့ ခုန်တက်လာသည်။ သို့သော် ဘန်လေတို့အတွက် တန်းဆင်းဇုန်လွတ်မြောက်ရေး ကြိုးပမ်းမှုမှာ အဟန့်အတားဖြစ်သွားသည်။

လီဗာပူး - ဆန်းဒါးလန်း

နိုင်ပွဲများ လိုအပ်နေသော လီဗာပူးတို့ အိမ်ကွင်း၌ ဆန်းဒါးလန်းကို ပွဲစသည်နှင့် အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ရာ တိုက်စစ်မှူး တောရက်စ်က ပွဲစပြီး သုံးမိနစ်အတွင်းမှာပင် လီဗာပူးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

လီဗာပူးတို့ ယင်းဂိုးကြောင့် ကစားကွက်မြိုင်လာသည်။ ပွဲချိန် ၃၂ မိနစ်တွင် ဂျွန်ဆင်က လီဗာပူးအတွက် ဒုတိယအနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ တတိယအနိုင်ဂိုးကိုလည်း လီဗာပူးတိုက်စစ်မှူး တောရက်စ်ကပင် ထပ်မံသွင်းယူပေးခဲ့သည်။

လီဗာပူးအတွက် အဖွင့်ဂိုးကို တောရက်စ်က ဤသို့ သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ပရီမီယာလိဂ် ပွဲစဉ် (၃၂)အပြီး အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၃၂	၂၃	၃	၆	၇၂
၂	ချယ်လ်ဆီး	၃၂	၂၂	၅	၅	၇၁
၃	အာဆင်နယ်	၃၂	၂၁	၅	၆	၆၈
၄	စပါး	၃၁	၁၇	၇	၇	၅၈
၅	လီဗာပူး	၃၂	၁၆	၆	၁၀	၅၄
၆	မန်စီးတီး	၃၀	၁၄	၁၁	၅	၅၃
၇	အက်စ်တွန်ဗီလာ	၃၁	၁၃	၁၂	၆	၅၁
၈	အဲဗာတန်	၃၂	၁၃	၁၀	၉	၄၉
၉	ဘာမင်ဂမ်	၃၂	၁၂	၉	၁၁	၄၅
၁၀	ဘလက်ဘန်း	၃၂	၁၁	၈	၁၃	၄၁
၁၁	စတုတ်စီးတီး	၃၁	၉	၁၂	၁၀	၃၉
၁၂	ဖူလ်ဟမ်	၃၁	၁၀	၈	၁၃	၃၈
၁၃	ဆန်းဒါးလန်း	၃၂	၈	၁၁	၁၃	၃၅
၁၄	ဝူလ်ဗာဟမ်တန်	၃၂	၈	၈	၁၆	၃၂
၁၅	ဘော်လ်တန်	၃၂	၈	၈	၁၆	၃၂
၁၆	ဝီဂန်	၃၁	၈	၇	၁၆	၃၁
၁၇	ဝက်စ်ဟမ်း	၃၂	၆	၉	၁၇	၂၇
၁၈	ဟူးလ်စီးတီး	၃၁	၆	၉	၁၆	၂၇
၁၉	ဘန်လေ	၃၂	၆	၆	၂၀	၂၄
၂၀	ပို့စ်မောက်	၃၂	၆	၄	၂၂	၂၂

(အင်တာနက်)

လာလီဂါ ပွဲစဉ်(၂၉) အနိုင်/အရှုံး

ဒီပို့တီဗို	၁ - ၃	ဂီတာဖေး
အက်စ်ပန်ညို	၀ - ၀	စပို့တင်း
အိုဆာဆူနာ	၁ - ၀	အာမေးရီးယား
ဗီရက်ဇ်	၃ - ၀	ဗယ်လာဒိုးလစ်

အီတလီ စီးရီးအေ ပွဲစဉ် (၃၁)အနိုင်/အရှုံး

ချီယေဗို	၀ - ၀	ပါးမား
ဖီအိုရင်တီးနား	၄ - ၁	အူဒီးနိစ်
ဂျူဗင်းတပ်စ်	၂ - ၁	အတ္တလန္တာ
လီဗော်နို	၁ - ၁	ဘာရီ
နာပိုလီ	၁ - ၀	ကာတန်နီယာ
ဆမ်ဒိုးရီးယား	၁ - ၁	ကက်ဂရီယာရီ
ဆီနာ	၀ - ၀	ဂျီနိုအာ

မြင့်မောင်စိုး-စုစည်းသည်

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ မာရေး ရှုံးပွဲကြုံ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ မတ် ၂၂ရက်မှ ဧပြီ ၄ရက်အထိ ကျင်းပလျက်ရှိသော အေတီပီဆိုနီအဲရစ်ဆင်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဗြိတိသျှတင်းနစ်အကျော်အမော် အန်ဒီမာရေးသည် အမေရိကန်တင်းနစ်သမား မာဒီဖစ်ချ်အား ၆-၄၊ ၆-၄ ဖြင့် နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့သည်။

အန်ဒယ်လူစီယာ ဂေါက်ရိုက်ပြိုင်ပွဲ၌ စသူယီဇင် ဦးဆောင်

စပိန်နိုင်ငံ မာလာဂါမြို့၌ ဥရောပတိုးပြိုင်ပွဲအဖြစ် ကျင်းပလျက်ရှိသော အန်ဒယ်လူစီယာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးကစားသမား လူးဝစ်အိုအိုစသူယီဇင်သည် သတ်မှတ်ရိုက်ချက်အောက် ၁၄ချက်လျှော့ရိုက်ကာ ယင်းပြိုင်ပွဲတွင် ဦးဆောင်နေသည်။

ဥရောပဝယ်လ်တာဝိတ်သရဖူ မက်သရူးဟက်တန်ရယူ

လစ်လပ်နေသော ဥရောပဝယ်လ်တာဝိတ်သရဖူလုပွဲတွင် မက်သရူးဟက်တန်သည် ပြိုင်ဘက် ဂီယန်လူကာဘာရန်ကိုအား ဒိုင်လူကြီးများ၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ အနိုင်ရပြီး သရဖူကိုရယူနိုင်ခဲ့သည်။

ဂျိုးကယ်လ်ဇာဂီ ကိုကင်းသုံးစွဲဟု စွပ်စွဲခံရ

ကိုကင်းသုံးစွဲသည်ဟု စွပ်စွဲခံရသူ ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်း ဂျိုးကယ်လ်ဇာဂီက ၎င်းအနေဖြင့် ရံဖန်ရံခါ ကိုကင်းသုံးစွဲမိသည်ကို နောင်တရကြောင်း ဝန်ခံပြောကြားခဲ့ပြီး ၎င်း၏ပရိသတ်အားလည်း အနူးအညွတ်တောင်းပန်သွားသည်။

နုတ်ထွက်မည့်သတင်းမဟုတ်ဟု ရစ်ကီဟက်တန်ငြင်းဆို

အသက် ၃၁နှစ်ရှိ လက်ဝှေ့ကျော် ရစ်ကီဟက်တန်က လက်ဝှေ့လောကမှ နုတ်ထွက်တော့မည်ဟူသော ထင်ကြေးသတင်းကို မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်ပြီး ၎င်းအနေဖြင့် လက်ဝှေ့လောကမှ နုတ်ထွက်မည်ဟုဆုံးဖြတ်ပါက အတိအလင်းကြေညာမည်ဖြစ်ကြောင်း ပြောကြားသည်။

လီယွန်အားခေါ်ယူရန် မန်စီးတီး၊ စပါးနှင့် စတုတ်တို့စိတ်ဝင်စား

ဂီတာဖေးကွင်းလယ်ကစားသမား ပက်ဒရိုလီယွန်အား စာချုပ်ခေါ်ယူရန် မန်စီးတီး၊ စပါးနှင့် စတုတ်စီးတီးတို့ စိတ်ဝင်စားနေကြသည်ဟုဆိုသည်။

ရစ်ဘာရီအား ခေါ်ယူနိုင်ရေး ဖာဂူဆန်ဆွေးနွေးမည်

မန်ယူနည်းပြ ဖာဂူဆန်သည် လာမည့်သီတင်းပတ်အတွင်း ဘိုင်ယန်မြူးနစ်နှင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် တွေ့ဆုံစဉ်ကာလအတွင်း ဘိုင်ယန်ကွင်းလယ်ကစားသမား ဖရန့်ခ်ရစ်ဘာရီအား ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ပေးကာ ခေါ်ယူရန် ဆွေးနွေးမည်ဟုဆိုသည်။

ဘင့်တလေနှင့် အိုမာရာအားခေါ်ယူရန် ဆန်းဒါးလန်းပြင်ဆင်

ဆန်းဒါးလန်း အသင်းသည် စပါးအသင်းမှ ဒေးဗစ်ဘင့်တလေနှင့် ဂျာမီအိုမာရာ တို့အား ခေါ်ယူရန်ပြင်ဆင်နေသည်။

အွန်နရီ နယူးယောက်ရက်ဒ်ဘူးလ်သို့ ပြောင်းရွှေ့ဖွယ်ရှိ

ဘာစီလိုနာကြယ်ပွင့် အွန်နရီသည် ယခုနွေရာသီတွင် အမေရိကန် မေဂျာလိဂ် အသင်း နယူးယောက်ရက်ဒ်ဘူးလ်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိသည်။

ဘိုအာတန်အားခေါ်ယူရန်အာဆင်နယ်နှင့်မန်စီးတီးအပြိုင်ကြိုးပမ်း

ဂျာမန်ဘွန်ဒက်စ်လီဂါအသင်းဟမ်းဘတ်မှပြောင်းရွှေ့ကြေး ပေါင်၁၁ သန်းတန် ဂျီရိုမီဘိုအာတန်အား စာချုပ်ခေါ်ယူရန် မန်စီးတီးနှင့်အာဆင်နယ်တို့ အပြိုင်ဆက်သွယ် ကြိုးပမ်းလျက်ရှိသည်။

အီမန်နျူယယ်အား စာချုပ်ရန် ချယ်လ်ဆီးနှင့် စပါးစီစဉ်

အသက် ၁၇နှစ်သာရှိသေးသူ နိုင်ဂျီးယားဆယ်ကျော်သက် လူငယ်တိုက်စစ်မှူး ဆာနီအီမန်နျူယယ်အား စာချုပ်ခေါ်ယူရန် ချယ်လ်ဆီးနှင့် စပါးတို့ အပြိုင်စီစဉ်နေကြသည်။

တိုက်စစ်မှူး ဂျွန်ကာရူးအား ဘာမင်ဂမ်မျက်စိကျနေ

အက်စ်တွန်ဗီလာအသင်းမှ နော်ဝေတိုက်စစ်မှူး ဂျွန်ကာရူးသည် အသင်းနှင့် စာချုပ် ထပ်ချုပ်ရေး မတင်မကျဖြစ်နေချိန်တွင် ယခုနွေရာသီ၌ ၎င်းအား ဘာမင်ဂမ် က စာချုပ်ခေါ်ယူရန် မျက်စိကျနေသည်ဟု ဆိုသည်။

စမစ်သ်နှင့် မိုကိုနာတို့အား ခေါ်ယူရန် မက်ကာသီ စီစဉ်

ဝူဗာဟမ်တန်နည်းပြ မစ်ခ်မက်ကာသီသည် ပို့စ်မောက် တိုက်စစ်မှူး တော်မီ စမစ်သ်နှင့် ကွင်းလယ်ကစားသမား အေအာရွန်မိုကိုနာတို့နှစ်ဦးအား ခေါ်ယူရန် စီစဉ်နေသည်။

စတီဗင်ရိဒ် ဝက်စ်ဘရွန်းသို့ အလွတ်ပြောင်းရွှေ့လို

ဝက်စ်ဘရွန်းတွင် အငှားစာချုပ်ဖြင့်ကစားနေသော ဘလက်ဘန်းတောင်ပံကစား သမား စတီဗင်ရိဒ်သည် ဝက်စ်ဘရွန်းအသင်းအနေဖြင့် ၎င်းအား အငှား စာချုပ် ထပ်မံ သက်တမ်းတိုးပြီး ပရီမီယာလိဂ်သို့ တန်းတက်ရပါက ယင်းအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လိုသည်ဟု ဆိုထားသည်။

ချစ်စိုးနိုင်-စုစည်းသည်

ဝင်ငွေအကောင်းဆုံး မက်ဆီ၊ ဘက်ခမ်းနှင့် စီရိုနယ်ဒို

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဇော်ထွန်းဦး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ပါရီ မတ် ၂၈

ကမ္ဘာ့ဘောလုံးလောက၌ ဝင်ငွေအကောင်းဆုံးဘောလုံးသမားများကို နှစ်စဉ် စာရင်းပြုစုထုတ်ပြန်လျက်ရှိသည်။ ပြင်သစ်ဘောလုံးမဂ္ဂဇင်းမှ စာရင်းပြုစုထုတ်ပြန်မှုအရ တစ်နှစ်တာဝင်ငွေအများဆုံးရသူမှာ အာဂျင်တီးနားနှင့်ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီပင် ဖြစ်သည်။

ဘက်ခမ်း

ပြီးခဲ့သည့်နှစ်က တစ်နှစ်တာဝင်ငွေအကောင်းဆုံးဘောလုံးသမားမှာ ဘက်ခမ်းဖြစ်သည်။ ဘက်ခမ်း၏ ပြီးခဲ့သည့်နှစ်ကဝင်ငွေမှာ ပေါင် ၂၉ ဒသမ ၁သန်း ဖြစ်သည်။ အသက် ၃၄နှစ်အရွယ်ရှိသည့် ဘက်ခမ်းမှာ ပွဲတိုင်း ပါဝင်ကစားခွင့် မရရှိမှု၊ ရုပ်မြင်သံကြားဖန်သားပြင်၌ ဘက်ခမ်း၏ပုံရိပ်များ ပြသမှုအချိန် နည်းပါးလာမှုတို့ကြောင့် ကြော်ငြာများ၊ အမှတ်တံဆိပ်များဆိုင်ရာ ကုမ္ပဏီများက စိတ်ဝင်စားမှု လျော့ကျခဲ့သဖြင့် ဝင်ငွေကျဆင်းခဲ့ခြင်းဖြစ်သည်။ လောလောဆယ်၌ ဘက်ခမ်း၏ တစ်နှစ်တာ အရပ်ရပ်ဝင်ငွေ ပေါင်းမှာ ပေါင်၂၇ ဒသမ ၃သန်းဖြစ်သည်။ လက်ရှိ၌ တစ်နှစ်တာ ဝင်ငွေ ဒုတိယအကောင်းဆုံး ဘောလုံးသမားအဖြစ် ရပ်တည်နေသည်။

မက်ဆီ

လက်ရှိ တစ်နှစ်တာဝင်ငွေအများဆုံး ဘောလုံးသမားဖြစ်လာသည့် မက်ဆီ၏ ဝင်ငွေမှာ ပေါင် ၂၉ ဒသမ ၆ သန်း ဖြစ်သည်။ အသက် ၂၂ နှစ်အရွယ်ရှိ ဘာစီလိုနာတိုက်စစ်မှူးမက်ဆီ၏ တစ်နှစ်တာ ဆုကြေးငွေမှာ ပေါင် ၃ ဒသမ ၆ သန်းအထိ ရရှိခဲ့သဖြင့် ဝင်ငွေကောင်းခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ပြီးခဲ့သည့်နှစ်က စတုတ္ထမြောက် တစ်နှစ်တာဝင်ငွေအကောင်းဆုံး အားကစားသမားဖြစ်ခဲ့သည်။ အားကစား

အရပ်ရပ်၌ ပြီးခဲ့သည့်နှစ်က ဝင်ငွေအကောင်းဆုံးမှာ ပထမ တိုက်ဂါးဝုဒ်၊ ဒုတိယ ဖီးလ်မိုက်ကယ်ဆန်နှင့် တတိယမှာ လီဘရွန်ဂျိမ်းစ်တို့ဖြစ်ကြသည်။

စီရိုနယ်ဒို

မန်ယူတောင်ပံကစားသမားဟောင်းနှင့် ရီးရဲမက်ဒရစ်ဘောလုံးသမား စီရိုနယ်ဒိုမှာ တစ်နှစ်တာ လုပ်ခလစာငွေ ပေါင် ၁၁ ဒသမ ၇သန်းနှင့် အခြားဆုကြေးငွေပေါင် ၉၀၀၀၀၀ ရရှိနေသည်။ အခြားအရပ်ရပ် ဝင်ငွေနှင့် တွက်လျှင် စီရိုနယ်ဒို၏ ဝင်ငွေမှာ တစ်နှစ်လျှင် ပေါင် ၂၇သန်းရရှိနေသဖြင့် တတိယမြောက် ဝင်ငွေအကောင်းဆုံး ဘောလုံးသမားအဖြစ် ရပ်တည်နေသည်။

အခြားဘောလုံးသမားများ

လက်ရှိ တစ်နှစ်တာအတွင်း ဝင်ငွေ အကောင်းဆုံး အခြားဘောလုံးသမားများမှာ စတုတ္ထနေရာ၌ ကာကာက ပေါင် ၁၆ ဒသမ ၉သန်း၊ ပဉ္စမနေရာ၌ အွန်နရီက ပေါင် ၁၆ ဒသမ ၁သန်း၊ ဆဋ္ဌမနေရာ၌ ရော်နယ်ဒင်ဟိုက ပေါင် ၁၅ ဒသမ ၅သန်း၊ သတ္တမနေရာ၌ တီဗက်ဇ်က ပေါင် ၁၃ ဒသမ ၈သန်း၊ အဋ္ဌမနေရာ၌ အီဘရာဟင်မိုဗစ်က ပေါင် ၁၃သန်း၊ နဝမနေရာ၌ လမ်းပတ်က ပေါင် ၁၂ ဒသမ ၈သန်း၊ အီတူးက ပေါင် ၁၂ ဒသမ ၄ သန်းဖြင့် ဒသမနေရာ၌ အသီးသီး ရပ်တည်နေကြသည်။

ထိပ်ဆုံး

တစ်နှစ်တာ ဝင်ငွေအကောင်းဆုံး ဘောလုံးနည်းပြများ၌ ချယ်လ်ဆီး နည်းပြဟောင်းနှင့် အင်တာမီလန်နည်းပြ မော်ရင်ဟိုက ပေါင် ၁၁ဒသမ၇ သန်းဖြင့် ထိပ်ဆုံး၌ ရပ်တည်နေသည်။ ဒုတိယဝင်ငွေအကောင်းဆုံးနည်းပြမှာ မန်စီးတီးနည်းပြမန်စီနီဖြစ်ပြီး ဝင်ငွေ ပေါင် ၁၀ ဒသမ ၈ သန်း ဖြစ်သည်။ တတိယဝင်ငွေ အကောင်းဆုံးမှာ ဘန်ယော့ကနည်းပြ စကိုလာရီဖြစ်ပြီး ဝင်ငွေပေါင် ၈ ဒသမ ၅ သန်းဖြစ်သည်။ မန်ယူနည်းပြ ဖာဂူဆန်မှာ ပေါင် ၆ ဒသမ ၅ သန်းဖြင့် သတ္တမနေရာ၌ ရှိနေပြီး ဘာစီလိုနာနည်းပြ ဂွါဒီယိုလာမှာ ပေါင် ၅ ဒသမ ၈ သန်းဖြင့် အဋ္ဌမနေရာတွင်ရှိနေသည်။ အာစင်ဝင်းဂါးမှာ ပေါင် ၅ ဒသမ ၇သန်းဖြင့် နဝမနေရာ၌ ရပ်တည်လျက်ရှိသည်။

ပရီမီယာလိဂ်

ပရီမီယာလိဂ်၌ တစ်နှစ်တာဝင်ငွေ အကောင်းဆုံး ဘောလုံးသမားများမှာ မန်ယူတိုက်စစ်မှူးဟောင်းနှင့် မန်စီးတီး ဘောလုံးသမား တီဗက်ဇ်က ပေါင် ၁၃ ဒသမ ၈ သန်းဖြင့် ပထမနေရာ၌ ရပ်တည်နေသည်။ ချယ်လ်ဆီးကွင်း လယ်ကစားသမား လမ်းပတ်က နဝမနှင့် တယ်ရီက အဆင့် ၁၄ နေရာ၌ ရပ်တည်နေကြပါကြောင်း။ ။

အင်တာနက်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် အာဂျင်ရော့ဘင် လွဲချော်ဖွယ်ရှိ

မြူးနစ် မတ် ၂၈

မန်ယူနှင့် ကစားမည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲတွင် ဘိုင်ယန်မြူးနစ် အသင်း၌ အာဂျင်ရော့ဘင် မပါဘဲ ကစားရဖွယ်ရှိကြောင်း နည်းပြ လူးဝစ်ဗန် ဂါရယ် က ပြောကြားသည်။

တောင်ပံကစားသမား အာဂျင်ရော့ဘင်သည် စတုဂတ်နှင့် ကစားသည့်ပွဲတွင် ခြေသလုံး ထိခိုက်ဒဏ်ရာ ရရှိသွားသည်။ ၎င်းဒဏ်ရာအမြန်ဆုံး သက်သာရေးဘိုင်ယန် မြူးနစ်မှတာဝန်ရှိသူများက စောင့်ကြည့်နေကြသည်။



မန်ယူနှင့် ဘိုင်ယန်မြူးနစ်တို့သည် မတ်၃၀ရက်တွင် ဘိုင်ယန်မြူးနစ် အိမ်ကွင်း၌ ချန်ပီယံလိဂ်ကွာတား ဖိုင်နယ်ပွဲ ပထမ အကျော့အဖြစ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ယင်းတို့၏ ဒုတိယအကျော့ကို မန်ယူကွင်း အိုးထရက်ဖို့ဒ်၌ ဧပြီ ၇ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

(အင်တာနက်)

တိုက်စစ်မှူး တောရက်စ် လီဗာပူး၌သာ ဆက်ကစားမည်

လန်ဒန် မတ် ၂၈

တိုက်စစ်မှူး တောရက်စ်သည် လီဗာပူးမှ ထွက်ခွာလိမ့်မည်ဟု သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် လီဗာပူး၌သာ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရသည့်အပြင် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်နေရာ ရရှိရေးအတွက် ရုန်းကန်ကြိုးစားနေရခြင်းကြောင့် တောရက်စ်အနေဖြင့် လီဗာပူးမှ ထွက်ခွာဖွယ်ရှိကြောင်း မီဒီယာများက ထင်ကြေးပေးနေကြသည်။



တိုက်စစ်မှူး တောရက်စ်သည် ၂၀၀၇ ခုနှစ်က အက်သလက်တီကိုမက်ဒရစ်မှ လီဗာပူးသို့ ပြောင်းရွှေ့လာသူဖြစ်သည်။

(အင်တာနက်)

အာနိုးပါမာဂေါက်သီးပြိုင်ပွဲ အာနိုင်းအိစ် ဦးဆောင်နေ

အော်လန်ဒို မတ် ၂၈

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသော အာနိုးပါမာ ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိက ဂေါက်သီးကစားသမားအာနိုင်းအိစ်က တတိယနေ့ ပြိုင်ပွဲအပြီး ပြိုင်ဘက်များကို ဦးဆောင်လျက်ရှိသည်။

အာနိုင်းအိစ်သည် တတိယနေ့အပြီး သတ်မှတ်ရိုက်ချက်ထက် ၁၀ချက်လျှော့ ရိုက်ထားသည်။ အမေရိကန်ဂေါက်သီး ကစားသမား ဘင်ကာတစ်က ကိုးချက် လျှော့ရိုက်ပြီး ဒုတိယနေရာမှ ဦးဆောင် နေသည်။ အာနိုင်းအိစ်သည် တတိယနေ့က ဖြေချက်ရိုက်ကာ သုံးချက်လျှော့ရိုက်နိုင်ခဲ့ သည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းနည်းပြ ဇိုလာ အသင်းမှ ထွက်ခွာရန် စဉ်းစားနေပြီ

လန်ဒန် မတ် ၂၈

ဝက်စ်ဟမ်းအသင်းသည် အိမ်ကွင်း၌ စတုတ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် ခြောက်ပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့သဖြင့် အသင်းမှ ထွက်ခွာရန် စဉ်းစားနေပြီဖြစ်ကြောင်း နည်းပြ ဇိုလာက ပြောကြားသည်။ နည်းပြဇိုလာအား အသင်းပိုင်ရှင်များက ထောက်ခံအားပေး လျက်ရှိသော်လည်း ၄၃ နှစ်တာကာလအတွင်း အဆိုးရွားဆုံး ရှုံးနိမ့်မှုများနှင့် ကြုံတွေ့ နေရသည်။ (အင်တာနက်)

ဆိုနီအဲရစ်ဆင်အိုးပင်း ဗီးနပ်စ်ဝီလျံ စတုတ္ထအကျော့ တက်ရောက်

မီယာမီ(အမေရိကန်) မတ် ၂၈

အမေရိကန်နိုင်ငံ မီယာမီမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိသည့် ဆိုနီအဲရစ်ဆင်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗီးနပ်စ်ဝီလျံက အီတလီမှ ရိဘာတာအား ၆-၁၊ ၆-၄ ဖြင့် နိုင်ပြီး စတုတ္ထအကျော့ ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဆက်တိုက်အနိုင်ရ

ဗီးနပ်စ်ဝီလျံသည် အဆိုပါပြိုင်ပွဲ၏ သုံးကြိမ်တိုင် ဗိုလ်စွဲခဲ့သည့် ချန်ပီယံဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ် ဗီးနပ်စ်ဝီလျံသည် ဒူဘိုင်းနှင့် အကာပူလ်ကို တင်းနစ်ပြိုင်ပွဲများ ဖလားဆွတ်ခူးခဲ့ပြီးနောက် ဆိုနီအဲရစ်ဆင် အိုးပင်းပြိုင်ပွဲတွင် အနိုင်ရခဲ့ခြင်းမှာ ၁၂ပွဲမြောက် ဆက်တိုက်အနိုင်ရခဲ့ခြင်းပင် ဖြစ်သည်။

ဗီးနပ်စ်ဝီလျံသည် စတုတ္ထအကျော့ ပြိုင်ပွဲတွင် ရုရှားမှ ပီထရိုဗာ သို့မဟုတ် ဆလိုဗားကီးယားမှ ဟန်တူချိုဗာနှင့် ကစားရမည်ဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ချန်ပီယံလိဂ် ပထမအကျော့ ကွာတားဖိုင်နယ်ပွဲစဉ်အကြို

မန်ယူတို့ အဝေးကွင်းမှာ ဘိုင်ယန်ကို ဘယ်လိုအနိုင်ရှာမလဲ အာကြီးတို့ အိမ်ကွင်းခြေစွမ်းနဲ့ ဘာကာကို ကြွေးဟောင်းဆပ်နိုင်မလား

ထွန်းထွန်းဦး (လှိုင်) သုံးသပ်ရေးသားသည်

စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၈

ယူအီးအက်ဖ်အေချန်ပီယံလိဂ် (၁၆)သင်း ရှုံးထွက်ပြိုင်ပွဲတွေပြီးဆုံးသွားတဲ့အခါမှာ ပြင်သစ်ကလပ်နှစ်သင်း ဘော်ဒိုးနဲ့ လီယွန်၊ အင်္ဂလန်ကလပ်နှစ်သင်း အာဆင်နယ်နဲ့ မန်ယူ၊ အီတလီကလပ်တစ်သင်း အင်တာမီလန်နဲ့အတူ ဂျာမနီက ဘိုင်ယန်မြူးနစ်နဲ့ စပိန်ကလပ် ဘာစီလိုနာတို့ဟာ ရုရှားက CSKA မော်စကိုနဲ့ ကွာတားဖိုင်နယ်ကိုရောက်လာခဲ့ကြတယ်။

မနှစ်ကအထိ ချန်ပီယံလိဂ်မှာအင်္ဂလန်ကလပ်တွေဟာ ကွာတားဖိုင်နယ်ရောက်တိုင်း အနိမ့်ဆုံး သုံးသင်းကနေပြီး လေးသင်းလောက်အထိ ပါဝင်နေခဲ့ရာမှ ယခုရာသီကျတော့ ပါဝင်လာတဲ့ အင်္ဂလန်အသင်းတွေထဲမှာ မန်ယူနဲ့ အာဆင်နယ်သာကျန်ပါတော့တယ်။ ထူးခြားတာက ဒီအဆင့်ကို ပြင်သစ်ကလပ်တွေဟာ ရဲဝံ့စွာနဲ့ နှစ်သင်းတိတိ တက်လာခဲ့ခြင်းပါပဲ။ ခါတိုင်းဆိုရင် ပြင်သစ်ကလပ်တွေဟာကံစွပ်ပြီး လွန်ရော၊ ကျွံရော တစ်သင်းလောက်သာ ဗိုလ်လုပွဲကို တက်လှမ်းနိုင်တာမျိုးကို လေး၊ ငါးနှစ်ကြာလောက်မှ တစ်ကြိမ်တစ်ခါသာတွေ့ခဲ့ကြရပေမယ့် ဒီရာသီမှာတော့ ဘော်ဒိုးနဲ့ လီယွန်ဟာ ပြိုင်ဘက်ကောင်းတွေကို အမှားနည်း

လီယွန်ကို အနိုင်ရအောင် ဘော်ဒိုးအတွက် ဂိုးရှာဖွေပေးမယ့် ချာမက်။

နည်းနဲ့ယှဉ်ပြိုင်ပြီး ချန်ပီယံလိဂ်မှာ သူတို့ရဲ့ ခြေစွမ်းနဲ့ နိုင်ငံဘောလုံးအဆင့်အတန်းမနိမ့်ကျကြောင်းကို သက်သေပြဖို့ရှိနေတယ်။ ခက်တာက ကံကောင်းပြီး ကွာတားဖိုင်နယ်ကို တက်လာခဲ့ပေမယ့် ကံဆိုးချင်တော့ ပြင်သစ်ကလပ် နှစ်သင်းဟာ ကွာတားဖိုင်နယ်ပွဲတွေ ကစားဖို့ မဲခွဲတဲ့အခါ ထိပ်တိုက်သွားတွေ့ဆုံလို့ ရင်ကျိုးရပါတယ်။ နေရာတိုင်းမှာ ကံသေကံမ မပြောနိုင်တာကြောင့် ဖြစ်ပေါ်လာတဲ့ အနေအထားမှာ အကောင်းဆုံးတစ်ခုကို အလှပဆုံးဆောင်ကြဉ်းပြီး ပြင်သစ်ကလပ်တွေအနေနဲ့ ဥရောပမှာ လက်မထောင်နိုင်အောင် လုပ်ရပါတော့မယ်။ ဒီအဆင့်ကနေပြီး ဆီမီးဖိုင်နယ်ကို ဘယ်အသင်း တက်ရောက်ခွင့် ရသွားမလဲဆိုတာဟာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

အမှားနည်းနည်း

ပြင်သစ်ကလပ်တွေပြီးတော့အင်္ဂလန်ကလပ်တွေဖြစ်တဲ့ မန်ယူနဲ့ အာဆင်နယ်ဘက်ကို လှည့်ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြုတ်ထွက်သွားတဲ့ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ထက် လတ်တလောအနေအထားမှာ ဒဏ်ရာရကစားသမား အခက်အခဲတွေနဲ့ ပြဿနာစုံအောင်တက်နေတဲ့ကြားက မန်ယူနဲ့ အာဆင်နယ်ဟာ ချယ်လ်ဆီးနဲ့ လီဗာပူးတို့လို အဖြစ်အပျက်ဆိုးမျိုးနဲ့မကြုံရအောင် အသီးသီး လုပ်ပြနိုင်ခဲ့ကြတာကြောင့် အားလုံးရဲ့ချီးကျူးမှုကို ခံရတယ်။ ချန်ပီယံအဖြစ် ရေပန်းစားမှုအဆင့်လည်း မြင့်တက်ခဲ့ရတယ်။ အထူးသဖြင့် မန်ယူတိုက်စစ် အခက်အခဲပြဿနာကို ရွန်နေက ရာနှုန်းပြည့်နီးပါး စွမ်းဆောင်နိုင်ခဲ့သလို မန်ယူနောက်တန်းလည်း ကစားသမား စုံစုံစေ့စေ့နဲ့ ပြန်ဖြစ်လာလို့ ပြိုင်ဘက်တိုင်းသတိထား စောင့်ကြည့်နေရပါတယ်။ ဖြတ်သန်းလာတဲ့ ကာလတစ်လျှောက်မှာလည်း အသင်းကောင်းတွေနဲ့ ရင်ဆိုင်ခဲ့ရသလို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့လို့ အခုအခါမှာ မန်ယူတစ်သင်းလုံး စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပြည့်တက်ကြွခိုင်မာမှုတွေနဲ့ ရှိနေပြီ။ ရွန်နေ ဒဏ်ရာရရှိထားလို့ စိုးရိမ်စရာဖြစ်ရပေမယ့် ခွဲစိတ်ရလောက်အောင် မရှိလို့ စိတ်မပူရဘူး။ တစ်ခုတော့ရှိတယ်၊ အဲဒါကတော့ ပြည်တွင်းပွဲစဉ်တွေမှာ ပွဲကျပ်တွေ ဆက်တိုက်နွှဲပြီး ပြည်ပပွဲကစားတဲ့အခါမှာ ရွန်နေတို့ ကစားသမားတစ်သိုက် ခြေကုန်လက်ပန်းကျနေမှာကိုပါ။

ရင်ဆိုင်ရဖို့ရှိ

အာဆင်နယ်ကတော့ မန်ယူလိုမဟုတ်ဘဲ လူလတ်ပိုင်းကို ရောက်လာတဲ့ ကစားသမားတွေနဲ့အခြေပြုပြီး ပြိုင်ပွဲဝင်နေတာပါ။ အမာခံကစားသမား တစ်ဝက်ကျော်ကျော်လောက်က အသင်းမှာ ပြန်လည်ပါဝင်ကစားနေပြီဆိုတော့ တိုက်စစ်ပိုင်းမှာ ကစားအားကောင်းတဲ့သူတွေကြောင့် ဂိုးတွေမြူးနေတာ ဆန်းမှမဆန်းဘဲ။ ဘန့်တနာဆိုရင်လည်း သူ့ရဲ့ယုံကြည်မှုကိုပြန်ရှာတွေ့ခဲ့ပြီဖြစ်တာကြောင့် ဗန်ပါစီနေရာကိုတောင် အပိုင်စားသိမ်းဖို့အထိ ရှိနေပြီ။ ဗန်ပါစီလည်း မကြာခင်မှာ ပြန်လာတော့မှာဖြစ်လို့ ဝင်းဂါးအတွက်တော့ မင်္ဂလာသတင်းပါ။ ခံစစ်မှာ အနာတရကြောင့် နားနေရသူတွေ ရှိသေးပေမယ့် ဒါက ပြဿနာမဟုတ်ဘူး။ တခြားကစားသမားတွေ ရှိနေသေးလို့ ပြိုင်ဘက်တွေကို ကောင်းကောင်းကြီး ကျော်လွှားနိုင်ခွင့်ရှိနေမှာပါ။ ဒါပေမယ့် အာဆင်နယ်အတွက် စိတ်မကောင်းဖြစ်မိတာက လက်ရှိချန်ပီယံဖြစ်တဲ့ ဘာစီလိုနာနဲ့ ဒီအဆင့်မှာ ထိပ်တိုက်လာဆုံနေတာကြောင့်ပါပဲ။ လက်ရှိချန်ပီယံ ဘာစီလိုနာဆိုတာ အကောင်းစားအဆုံးသတ်သမားတွေနဲ့ဖွဲ့စည်းထားတဲ့အသင်းဖြစ်နေတော့ အာဆင်နယ်အနေနဲ့ ပထမအကျော့မှာ အသာရအောင် စွမ်းဆောင်ပြနိုင်တာမျိုးမရှိခဲ့ရင်တော့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရဖို့ ရှိပါတယ်။

စိတ်လှုပ်ရှားစရာကောင်း

ဘာစီလိုနာဆိုတာကလည်း မန်ယူနဲ့ ထိပ်တိုက်တွေ့တဲ့ ဘိုင်ယန်မြူးနစ်လို ကစားအားက တော်တော်လေးကိုမာတယ်။ တောင်ပံတိုက်စစ်သာမက ရှေ့တန်းကစားသမားတွေကလည်း ဂိုးသွင်းသေချာကြတာကြောင့် အင်္ဂလန်ကလပ်နှစ်သင်းစလုံးအနေနဲ့ အမှားများရင် အခက်ကြုံရဖို့ရှိနေပါသေးတယ်။ မက်ဆီ၊ ရော်ဘင်၊ ရစ်ဘရီနဲ့ အွန်နရီတို့ဆိုတာ အီဘရာဟင်မိုဗစ်နဲ့ ကလိုဆေးတို့လိုမျိုး ကမ္ဘာကျော်ဘောလုံးသမားတွေပါ။ ပြီးတော့ ကစားအားရော အတွေ့အကြုံပိုင်းမှာပါ တခြားကစားသမားတွေထက် ပိုနေလေတော့ အင်္ဂလန်နှစ်သင်းအနေနဲ့ ပထမအကျော့မှာ ကံမကောင်းဘဲ အခြေအနေဆိုးထဲ ရောက်ခဲ့ရင် ရှေ့လျှောက်မှာ ခက်ရချည်ရဲ့။ ခြေစွာနေတဲ့ ရွန်နေနဲ့ ဘန့်တနာတို့ကို ပိုးမွှေးသလို တယုတယနဲ့ ထိန်းထိန်းသိမ်းသိမ်းလေးထားနိုင်မှ တော်ကာကျမှာလို့ ပြောချင်ပါတယ်။ ဘာစီလိုနာနဲ့ ဘိုင်ယန်ဆိုတာလည်း အင်္ဂလန်နှစ်သင်းနဲ့ ဆုံခဲ့ဖူးပြီး ရာဇဝင်ကြွေးတွေ အသီးသီး ရှိနေသလို ကစားသမားချင်းလည်းပဲ မမေ့နိုင်စရာတွေ၊ နည်းပြတွေအတွက်လည်း အတိတ်စာမျက်နှာတွေပေါ်က အပြုံး၊ အပျော်တွေဟာ လွန်ခဲ့ပြီးသော ရက်စွဲအသီးသီးမှာ ရှိနေသေးလို့ အခုလိုပြန်ဆုံတဲ့ပွဲမှာ ပရိသတ်တွေအတွက်ပါ စိတ်လှုပ်ရှားစရာ ကောင်းမယ့်အဖြစ်တွေဟာ ရှိနေမှာမလွဲပါဘူး။

သတိထားသင့်

ကွာတားဖိုင်နယ်ပွဲစဉ်မှာ ကျန်အသင်းတွေ ပွဲကျပ်ကြသလို အခက်ဒုက္ခတွေနဲ့ လုံးလည်လိုက်နိုင်တဲ့ကိစ္စမျိုး တွေ့ရပေမယ့် အီတလီကလပ် အင်တာမီလန်ကတော့ ရုရှားကလပ် CSKA မော်စကိုနဲ့ ဆုံတာကြောင့် လက်ရှိအနေအထားအရ ပြောရရင် ပွဲချောင်တယ်လို့တောင် ဆိုရမလားပဲ။ အင်တာဟာ ပြည်တွင်းမှာသာ ချန်ပီယံဆုအတွက် ကမောက်ကမ အနေအထားတွေနဲ့ ဆက်တိုက်ကြုံနေရပေမယ့် ချန်ပီယံလိဂ်မှာတော့ တော်တော့်ကို ကစားအားတောင့်တင်းပြီး ချယ်လ်ဆီးလိုအသင်းကိုတောင် ဖြတ်ချလာနိုင်တဲ့ အသင်းတစ်သင်းပါ။ ပြီးတော့လည်း တစ်ပွဲပြီးတစ်ပွဲဆိုသလို အင်တာရဲ့မာကျောမှုဟာ ကြောက်စရာကောင်းလာလို့ မော်ရင်ဟိုရဲ့ အင်တာဟာ ဘယ်သူမှ လျှော့မတွက်ရဲသလောက်ပါပဲ။ CSKA မော်စကိုလို ရုရှားကလပ်ဖြစ်တဲ့ ရူဘင်ကာဇန်လိုအသင်းမျိုးနဲ့တောင် အင်တာဟာ ဆုံခဲ့ဖူးတဲ့ အတွေ့အကြုံတွေကြောင့် ရုရှားကလပ်တွေ ဘယ်လိုကစားတတ်သလဲဆိုတဲ့ပုံစံကို မော်ရင်ဟို သွားရောက်လေ့လာပြီး ဖြစ်မှာပါ။ CSKA ဟာ အသင်းလိုက်ကစားပုံကျစ်လျစ်ပြီး ခပ်သွက်သွက် ကစားတတ်တာကလွဲရင် ခြေစွမ်း

အင်တာအတွက် ဂိုးတွေ သွင်းပြီး ခြေစွမ်းပြမယ့် အီတူး။

ပိုင်းက အင်တာကို အဝေးကွင်းမှာ ဒုက္ခပေးဖို့တော့ ရှိလာဖို့ နည်းနိုင်တယ်။ မန်ယူနဲ့ ဆီဗီလာကိုတောင် အသာရအောင် ကစားထားတဲ့ CSKA ရဲ့ လုပ်အားနှုန်းဟာ အင်တာနဲ့အတွေ့မှာ ကျဆုံးမသွားအောင်တော့ ထိန်းချုပ်ထားနိုင်မှ အဆင်ပြေမှာပါ။ ဒီလိုမှမဟုတ်ရင်တော့ မော်ရင်ဟို စီမံထားတဲ့ ဇာတ်ညွှန်းထဲကလို ချယ်လ်ဆီးလိုပဲ ဝင်သွားနိုင်တာ သတိထားသင့်ပါတယ်။

လက်လှမ်းမီ

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ကွာတားဖိုင်နယ်ပွဲစဉ်တွေကတော့ တော်တော်လေးကို စိတ်ဝင်စားစရာ ကောင်းနေကြပါပြီ။ မပြေရန်ကြွေးဆပ်ကြရမယ့် မိတ်ဆွေဟောင်းတွေရဲ့ တွေ့ဆုံပွဲဟာ ဒီအဆင့်မှာ ကြည့်လို့တော့ ကောင်းမှာပါ။ ပြီးတော့လည်း မိခင်နိုင်ငံ ကိုယ်စားပြုပြီး တက်လာကြတဲ့ တစ်သင်းတည်းသာကျန်တော့တဲ့ အီတလီ၊ ရုရှား၊ ဂျာမနီနဲ့ စပိန်ကလပ်တွေရဲ့ မျှော်လင့်ချက်တွေဟာ ဗိုလ်လုပွဲအထိ ဘယ်အသင်းတွေ ခရီးဆက်နိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါ။ မတ် ၃၀ နဲ့ ၃၁ရက်မှာတော့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပထမအကျော့ကစားပြီး ဧပြီ ၆ရက်နဲ့ ၇ရက်တို့မှာ ဒုတိယအကျော့ကို အသီးသီး ကစားကြမှာပါ။ ကစားရမယ့်ရက်တွေက ကပ်နေတော့ ပြည်တွင်းပွဲတွေနဲ့ လုံးလည်လိုက်နေမယ့်အသင်းတွေဟာ ကမောက်ကမ ရလဒ်တွေ ထွက်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး။ ဒါကြောင့် ပထမအကျော့မှာ ဘာတွေဖြစ်လာနိုင်မလဲဆိုတာ လက်လှမ်းမီသလောက် လေ့လာမိခဲ့ပါတယ်။

လီယွန်-ဘော်ဒိုး

ပြင်သစ်ကလပ်နှစ်သင်းဟာတစ်သင်းနဲ့တစ်သင်း ခြေစွမ်းချင်းသိနေကြလို့ ကစားရတာ ခက်နေကြပါလိမ့်မယ်။ ပြည်တွင်းမှာ ကစားရလို့လည်း တခြားအသင်းတွေထက် ခရီးပန်းတာမရှိလို့ အင်ပြည့်အားပြည့်နဲ့ နှစ်သင်းစလုံးဟာ ကစားအားကောင်းကောင်းနဲ့ ကစားနိုင်ကြဖို့ ရှိကြတယ်။ ဘော်ဒိုးဟာ လီယွန်ကို ဒီရာသီပြင်သစ်ပထမတန်းပွဲတွေကစားတော့ တစ်ဂိုး-ဂိုးမရှိနဲ့ အဝေးကွင်းမှာ ကစားနိုင်ခဲ့တယ်။ ဘော်ဒိုးဟာ နည်းပြဘလန့်လက်ထဲမှာ တော်တော်လေးကို ကစားအား တက်လာပါတယ်။ လီယွန်ထက်လည်း ခြေစွာပါတယ်။ လီယွန်ဟာ ဘော်ဒိုးကို ခြေအသာနဲ့ ကစားပြဖို့ဆိုတာ မလွယ်နိုင်ပါဘူး။ ဘော်ဒိုးရဲ့ ရှန်းအားကိုသာ ထိန်းချုပ်ပြနိုင်ဖို့ ကြိုးစားရမှာပါ။ ဒီလိုမှ မဟုတ်ရင်တော့ ဂိုးရဖို့တောင် ခက်နေနိုင်ပါသေးတယ်။ ချာမက်၊ ဂေါ်ကပ်ဖ်နဲ့ ပလာဆီတို့ဟာ ကစားပုံသေသပ်ပြီး ရှန်းအားကောင်းကြသလို ခံစစ်မှုးတွေကလည်း ပြိုင်ဘက်တွေထိုးဖောက်လို့ မရအောင် ထိန်းထားနိုင်တာကြောင့် ဘော်ဒိုးဘက်ကို လီယွန်က ဂိုဗူး၊ လိုပက်ဇ်နဲ့ ဒယ်လ်ဂါဒိုတို့ ဂိုးသွင်းဖို့လွယ်နိုင်မှာ မဟုတ်ဘူး။ လီယွန်ရဲ့လူငယ်ဂိုးသမား လော်ရစ်အနေနဲ့ ချာမက်တို့ လူစုကို ဂိုးမပေးရအောင် လက်စွမ်းပြကာကွယ်နိုင်ဖို့နဲ့ အမှားမများဖို့ ကြိုးစားရမှာပါ။ ဒါကြောင့် ဒီပွဲဟာ လီယွန်အတွက် အသာရဖို့ အတော့်ကို ကြိုးစားရမှာမို့ ဘော်ဒိုးနဲ့သာ နေရမယ့်ပွဲပါ။ သုံးသပ်မိတာကတော့ ဒီပွဲက ဂိုးနည်းပြီး တစ်ဂိုးစီ သရေတောင်ကျသွားဖွယ်ရှိပါတယ်။

ဘိုင်ယန်မြူးနစ်-မန်ယူ

ဒီအဆင့်မှာ စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲစဉ်ပါ။ ဘာကြောင့်လဲဆို ဒီနှစ်သင်းဟာ ၁၉၉၉ ချန်ပီယံလိဂ်ဖိုင်နယ်မှာ တင်ကျန်ရစ်ခဲ့ဖူးတဲ့ မပြေရန်ကြွေးဟာ ဒီအဆင့်မှာ ပြန်ပြီးတော့ တွေ့ရဖွယ်ရှိနေပါတယ်။ ကြားမှာ ဒီနှစ်သင်းဟာ ချစ်ကြည်ရေးပွဲတွေအပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာလည်း တွေ့ခဲ့ပြီးကြပေမယ့် တွေ့တိုင်းလည်း မမေ့နိုင်တဲ့ ရက်စွဲတစ်ခုရဲ့ အရိပ်ဆိုးလို မပျောက်နိုင်ကြလို့ ရန်သူတွေလို အမြဲတမ်း



ဘိုင်ယန်ကို ဂိုးတွေသွင်းပြီး အနိုင်ယူပြမှာလား ရွန်နေ။

ယှဉ်ပြိုင်ကြတယ်။ လတ်တလောခြေစွမ်းအရတော့ နှစ်သင်းစလုံးဟာ တိုက်စစ်ပိုင်းမှာ တော်တော်လေးကို ကစားအားတက်နေကြတယ်။ ပြီးတော့ ကစားသမားကောင်းတွေလည်း ပိုင်ဆိုင်ထားကြတော့ ဒီတစ်ခါမှာ ဘာတွေဖြစ်လာမလဲ။ မန်ယူအနေနဲ့တော့ မီလန်ကို အနိုင်ရခဲ့စဉ်ကလိုမျိုး ခြေကုန်ထုတ်ပြီး ဖိအားပေးဦးမှာပါ။ ဒါပေမယ့်လည်း ရွန်နေကပွဲပန်းပြီး ကြံ့ခိုင်မှုသိပ်မပြည့်တော့ ကောင်းကောင်းရုန်းနိုင်ပါ့မလား။ ရုန်းနိုင်တဲ့တိုင်အောင်မာကျောပြီး ညစ်ကျယ်ကျယ်ရှိလှတဲ့ ဘိုင်ယန်နောက်တန်းကို ထိထိမိမိနဲ့ ထိုးစစ်ဆင်ဖို့ မလွယ်လောက်ဘူး။ ဘိုင်ယန်ရဲ့ တောင်ပံနှစ်ဖက်ကလည်း မြန်ဆန်တဲ့ရော်ဘင်နဲ့ ရစ်ဘရီတို့ ရှိနေတာကြောင့် ရှေ့တန်းက ကလိုဆေးတို့နဲ့ပေါင်းလိုက်ရင် မန်ယူကို လဲပြိုသွားအောင် လုပ်နိုင်တယ်။ ဘိုင်ယန်ရဲ့ ကံကောင်းမှုဟာ ဒီရာသီချန်ပီယံလိဂ်မှာ တောက်လျှောက် ခြေတက်နေတော့ အိမ်ကွင်းမှာ မန်ယူကို အသာရအောင်လုပ်ဖို့ ရှိနေနိုင်ပါတယ်။ ကွာခြားချက်ကတော့ နည်းမယ်။ မန်ယူက နှစ်ဂိုး-တစ်ဂိုး လောက်နဲ့ ကပ်နိုင်သွားဖို့ရှိတယ်။

အာဆင်နယ်-ဘာစီလိုနာ

ဘာစီလိုနာဟာ အဝေးကွင်းမှာအာဆင်နယ်ရဲ့ထိုးဖောက်မှုကို တောင့်ခံထားဖို့ဆိုတာ လုံးဝမလွယ်ကူနိုင်ဘူး။ အာဆင်နယ်ဟာ ဘာစီလိုနာကို ၂၀၀၅-၂၀၀၆ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ပြီး ရာဇဝင်တွင်အောင် မလုပ်နိုင်ခဲ့ပါဘူး။ အဲဒီ ရန်ကြွေးက ရှိနေပါတယ်။ ဆိုးတာက အွန်နရီလို အာဆင်နယ်ကစားသမား ကိုယ်တိုင်က အာဆင်နယ်မုန်းတဲ့ ဘာစီလိုနာမှာ ရောက်နေတော့ ဝင်းဂါးအနေနဲ့ အိမ်ကွင်းမှာ ဘာစီလိုနာကို ဖြိုလဲဖို့ဆိုတာ ဘာစီလိုနာ မျက်စိကျနေတဲ့ ဖာဘရီဂတ်စ်တို့နဲ့အလုပ်ဖြစ်ဖို့ဟာ စိုးရိမ်စရာပါ။ ဗန်ပါစီကလည်း အချိန်မီ ပြန်လာဖို့ဆိုတာ မလွယ်နိုင်သေးပေမယ့် ပါလာရင်တောင် ပွဲနဲ့ ထိတွေ့ခွင့်က ဝေးနေတော့ ခြေမှန်ရဖို့ဆိုတာ ထင်သလောက် လွယ်မယ်မထင်မိဘူး။ ဘာစီလိုနာမှာလည်း အွန်နရီက အာဆင်နယ်နဲ့ပွဲမှာ ကစားဖို့ မရှိနိုင်ရင်တောင် မက်ဆီ၊ အီဗရာဟင်မိုဗစ်၊ ဇာဗီနဲ့ အင်နီယေစတာတို့ ကျန်နေသေးတာကြောင့် အာဆင်နယ် နောက်တန်းအနေနဲ့ အမှားများတာနဲ့ ဒုက္ခတွေ့နိုင်သေးတယ်။ အာဆင်နယ်အနေနဲ့ ဒီပွဲမှာ အဖွင့်ဂိုး စပြီးမပေးမိဖို့ကို လုပ်ရမှာပါ။ လုပ်နိုင်ရင်တော့ ဘာစီလိုနာကို သရေရအောင် ထိန်းချုပ်ကစားပြသွားဖို့ မျှော်လင့်နိုင်ပါတယ်။

အင်တာမီလန်-CSKAမော်စကို

ဧည့်သည်အသင်းဟာ ကစားအားမာပြီး ရှန်းအားကောင်းတယ်။ ပြီးတော့ အင်တာနဲ့လည်း မစိမ်းပါဘူး။ ၂၀၀၇-၂၀၀၈ ချန်ပီယံလိဂ်အုပ်စုတွင်းမှာ ဆုံခဲ့ဖူးပါတယ်။ ဒါပေမယ့် အသာမရခဲ့ပါဘူး။ အင်တာမြေပေါ်မှာ လေးဂိုး-နှစ်ဂိုးနဲ့ ရှုံးတယ်။ ဒါဟာ CSKA ရဲ့ အမည်းစက်ပါ။ ဒီတော့ ဒါကိုချေဖျက်ဖို့ ဧည့်သည်အသင်းအနေနဲ့ လုပ်ရပါလိမ့်မယ်။ အင်တာမြေပေါ်မှာ ရှန်းထွက်ပြဖို့ ထင်သလောက်တော့ မလွယ်နိုင်ဘူး။ အင်တာကလည်း နောက်ပိုင်းမှာ

အကြီးတို့အိမ်ကွင်းမှာ အဆုံးသတ်ဂိုးတွေ ဘယ်လို သွင်းပြမှာလဲ မက်ဆီ။

ကစားအားတက်လာသလို ရှုနိုက်ဒါကလည်း အင်တာနဲ့ကစားဟန် အံဝင်လာလို့ ပြိုင်ဘက်တိုင်း သတိထားနေရပါတယ်။ CSKA ကသာ အင်တာရဲ့ဖိအားပေးမှု အောက်မှာရောက်နေရင်တော့ ရေရှည်မှာဂိုးမပေးရအောင်ထိန်းချုပ်ထားနိုင်မယ် မထင်မိပါဘူး။ အင်တာမီလန်ရဲ့ တိုက်စစ်ထက်မြက်ပုံနဲ့တော့ ဒီပွဲမှာ CSKA ဟာ နှစ်ဂိုးလောက်နဲ့ အရေးနိမ့်သွားနိုင်ပါတယ်။ ။

(မြန်မာ့အလင်း)

ဘာစီလိုနာနဲ့ ဘိုင်ယန်ဆိုတာလည်း အင်္ဂလန်နှစ်သင်းနဲ့ ဆုံခဲ့ဖူးပြီး ရာဇဝင်ကြွေးတွေ အသီးသီးရှိနေသလို ကစားသမားချင်းလည်းပဲ မမေ့နိုင်စရာတွေ၊ နည်းပြတွေအတွက်လည်း အတိတ်စာမျက်နှာတွေပေါ်က အပြုံး၊ အပျော်တွေဟာ လွန်ခဲ့ပြီးသော ရက်စွဲအသီးသီးမှာ ရှိနေသေးလို့ အခုလို ပြန်ဆုံတဲ့ပွဲမှာ ပရိသတ်တွေအတွက်ပါ စိတ်လှုပ်ရှားစရာကောင်းမယ့် အဖြစ်တွေဟာ ရှိနေမှာ မလွဲ။

29-3 (12).pmd 1 3/29/2010, 2:16 AM

မိုင်းပန်မြို့နယ် ဆုပ်ဟွေကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် DTH စလောင်း၊ တီဗွီ၊ သတင်းစာနှင့်စာအုပ်စာစောင်များ လှူဒါန်း

လင်းခေး မတ် ၂၈

လင်းခေးခရိုင် မိုင်းပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆုပ်ဟွေကျေးရွာမှ တာဝန်ရှိသူများ ပူးပေါင်းကာ အောက်တိုဘာ ၈ရက် နံနက် ၈နာရီက အဆိုပါကျေးရွာ စာကြည့်တိုက် အဆောက်အအုံ၌ DTH စလောင်း၊ တီဗွီ၊ သတင်းစာနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မိုင်းပန်မြို့နယ် ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်က အမှာစကား ပြောကြားပြီး မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်က ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ပြုစုပျိုးထောင်သွားရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အဆိုပါ စာကြည့်တိုက်အတွက် DTH စလောင်း၊ တီဗွီ၊ သတင်းစာနှင့် စာအုပ်စာစောင်များကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ(**အပေါ်ပုံ**)က လက်ခံယူကြသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းအေးခိုင်က ဆုပ်ဟွေကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတ/ရသ စာပေစာအုပ်မျိုးစုံ အုပ်၅၀ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မြောင်းမြ၌ ဂုန်လျှော်စိုက် တောင်သူများသို့ စိုက်ပျိုးစရိတ် ထုတ်ပေး

မြောင်းမြ မတ် ၂၈

၂၀၁၀-၂၀၁၁ ခုနှစ် ဂုန်လျှော်/ချည်ပေါင်လျှော် စိုက်ပျိုးရေးအတွက် တောင်သူများနှင့် အကျိုးတူစိုက်ပျိုးရေးစရိတ်ထုတ်ပေးပွဲကို အိမ်မဲမြို့နယ် ကန်ကြီးဒေါင့်ကျေးရွာအုပ်စု ကျောက်ဝိုင်း အခြေခံပညာမူလတန်းကျောင်း၌ မတ် ၁၅ရက်က ကျင်းပရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာနမှ ဦးဗိုလ်သိန်းမော်တို့က အကျိုးတူစိုက်ပျိုးစရိတ်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဂုန်လျှော်စိုက်တောင်သူများသို့ အကျိုးတူ စိုက်ပျိုးစရိတ်များ ထုတ်ပေးခဲ့သည်။ ***(ခရိုင် ပြန်/ဆက်)***

သာယာဝတီမြို့နယ် စခန်းကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၃၂)၌ တည်ဆောက်ရေး(၉)မှ ဆောက်လုပ်ထားသော စက်ရေတင်စနစ်ဖြင့် နှမ်းစပါးဧက ၂၀၀ စိုက်ခင်းသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့်အဖွဲ့ဝင်များ မတ် ၅ရက်က နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ သတ်မှတ်ချိန် စိုက်ပျိုးရေး၊ သဘာဝသွင်းအားစုသုံးစွဲရေးနှင့် စိုက်ပျိုးရေ စနစ်တကျ သုံးစွဲရေး ကွင်းဆင်း စစ်ဆေးစဉ်။ (ခရိုင် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)မြို့မဈေး အတွင်းအပြင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အဖွဲ့ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ဖလမ်းစည်ပင် အထက(၂)ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

ဖလမ်း မတ် ၂၈

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အရှည် ပေ ၈၀၀၊ အကျယ် ၁၀ပေရှိ အထက(၂) ကျောင်းလမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ်၁၉ရက် နံနက် ၉နာရီခွဲက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲက ကတ္တရာလမ်းဖြစ်မြောက်မှုကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ဦးဗန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟရဲ၊ မြို့နယ်ပညာရေးမှူး ဦးဘွဲ့ကျုံးနုံနှင့် ဦးကပ်တီလ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း မတ် ၁၂ရက်က သုံးခွမြို့သို့ ရောက်ရှိပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းများ ဖြစ်သော သုံးခွ-ရဲနွဲလမ်း ဂဝံခင်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

အရာတော်မြို့နယ်၌ ကျောက်ချောလမ်းခင်း

အရာတော် မတ် ၂၈

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အရာတော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အမှတ် ၆လမ်း ကျောက်ချောလမ်းခင်းခြင်း ပေ ၄၀၀× ၁၂ပေ× ၇လက်မ ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးသိန်းမင်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်စွာဝင်းက ရှင်းလင်း တင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လူနေရပ်ကွက်၌ ရေသန့်စက်ရုံကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၃/ခ)ရပ်ကွက် ဗဟိုလမ်းရှိ ရေသန့်စက်ရုံသည် ရေစုပ်စက်များ၊ရေမော်တာများ၊မီးစက်များဖြင့် နေ့/ညမပြတ်လုပ်ကိုင်နေသဖြင့် ဆူညံသံများ နေ့/ညမပြတ် ပေါ်ထွက်ကာ စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်ရပါ၍ အဆိုပါစက်ရုံကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်မခံလိုသူများ

တရားမဝင် ဆိုင်ကယ်တက္ကစီများ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ပြင်ဦးလွင်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း၌ တရားမဝင်ဆိုင်ကယ်တက္ကစီများသည် အခကြေးငွေယူ၍ ခရီးသည်များအား တင်ဆောင်ခြင်း၊ ငှားရမ်းခြင်းနှင့် လမ်းဆုံလမ်းခွများတွင် ဂိတ်ထိုး၍ စောင့်ဆိုင်းခြင်းတို့ကြောင့် ယာဉ်တိုက်မှုများနှင့် လမ်းပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားရသည့်အတွက် လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်ကင်းရှင်းရေးကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပြင်ဦးလွင်သား

ကျန်းမာရေးထိခိုက်ရ၍ နမ်းလော်ဖို ပြောင်းရွှေ့စေလို

စာတည်းခင်ဗျား-

မကွေးမြို့ အောင်မေတ္တာရပ်ကွက် အဝေရာလမ်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)၏မြောက်ဘက်တွင်ရှိသော နှမ်းလော်ဖိုလုပ်ငန်းမှထွက်ရှိသော အညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိနေအိမ်များတွင် ညှော်နံ့မခံနိုင်အောင်ဖြစ်ကြရပြီး ကျန်းမာရေးထိခိုက်ရပါ၍ သက်ဆိုင်ရာမှ ၄င်းလုပ်ငန်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အဝေရာလမ်းသား

လူနေအိမ်နှင့်ဆိုင်ခန်းရှေ့ ဝင်ထွက်ပေါက် ဖောက်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်-မန္တလေးခြောက်လမ်းသွားဘေး ထောက်ကြန့်ရတနာဈေးနှင့် မျက်နှာချင်းဆိုင်တွင် (ပ)စံပြရပ်ကွက် လမ်းဘေးမျက်နှာစာနှင့် လမ်းဆုံပိုင်း ကားလမ်းတစ်လျှောက် သံဆန်ခါများကာရံထားပြီး ၂၀၀၉ ခုနှစ်ဇူလိုင်၌ ငှားရမ်းဖွင့်လှစ်နေကြသည့် စားသောက်ဆိုင်၊ ထီဆိုင်နှင့် လက်ဖက်ရည်ဆိုင်များရှေ့ရှိ သံဆန်ခါအား အဝင်၊ အထွက်ပြုနိုင်ရန် အပေါက်နှစ်ပေါက်ဖောက်ပေးခဲ့သော်လည်း ယခင် လူနေအိမ်နှင့် ဆိုင်ခန်းများရှေ့တွင် အပေါက်ဖောက်ပေးခြင်းမရှိ၍ မီးဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သော် ထွက်လမ်းဝင်လမ်းမရှိ ဖြစ်နေရပါသဖြင့် သက်ဆိုင်ရာမှကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးစိုးရိမ်သူ

သစ်သားတံတားကို သံကူကွန်ကရစ်တံတား ဖြစ်စေချင်

စာတည်းခင်ဗျား-

ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်ခရိုင် ပေါက်ခေါင်းမြို့ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်ကြား ပိတောက်လမ်းပေါ်ရှိ တံတားသည် သစ်သားဘေလီတံတားဖြစ်ခြင်းကြောင့် ချောင်းရေလျှံသည့်အခါ သစ်သားများရေနစ်၍ ပျက်စီးခြင်း၊ ကျေးလက်နေပြည်သူများ အသုံးပြုသည့်လမ်းဖြစ်သဖြင့် နွားလှည်းဘီးသံပတ်ကြောင့် ပျက်စီးခြင်းတို့ကို သုံးနှစ်တစ်ကြိမ်ခန့် ပြန်လည်ပြုပြင်နေရပါသည်။ ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် အရေးပေါ်မီးသတ်ကား၊ ရေတင်ကားများသွားလာရန် မခိုင်ခံ့တော့ပါသဖြင့် တာရှည်ခံသံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောက်လုပ်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

ရွာမသား

သုံးရေပေးဝေချိန် တိုးမြှင့်ပေးပါ

စာတည်းခင်ဗျား-

ဖျာပုံမြို့ မြို့မရပ်ကွက်များသို့ သုံးရေပေးဝေရာတွင် မိနစ်၂၀သာ ပေးဝေနေသည့်အတွက် အချိန်နည်း၍ ရေလုံလောက်မှုမရှိသည့်အပြင် အစွန်ရေတိုင်များသို့ရေမရောက်ခြင်းကြောင့် ပွင့်လင်းရာသီတွင် ရေပေးဝေချိန်တိုးမြှင့်ခြင်းနှင့် အစွန်ရေတိုင်များသို့ ရေရောက်ရှိစေရေးစီမံဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရေမလုံလောက်သူ**

ဟာလာဆန်စက် အမိုးအကာ ဆောင်ရွက်ပြီးစီး

၇-၁၂-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့ နွယ်ချို(၁)ရပ်ကွက် လမ်း ၂၀ထိပ်ရှိ ဟာလာဆန်စက်ကြီးမှာ အမိုးအကာလုံခြုံမှုမရှိသည့်အတွက် ဖုန်မှုန့်နှင့်အမှုန်အမွှားများ လွင့်စဉ်ခြင်းကြောင့် အနီးဝန်းကျင်ရှိ မိသားစုများ၏ကျန်းမာရေးထိခိုက်** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပျံကျဈေးသည်များအား ရှင်းလင်းဆောင်ရွက်ပြီး

၁၅-၃-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ညောင်လေးပင်မြို့ မြို့မဈေးအနောက်ဘက်လမ်းတွင် စည်းကမ်းမဲ့စွာ လမ်းမပေါ်အထိ ကျူးကျော်၍ ဈေးရောင်းချနေ** ပေးစာနှင့်ပတ်သက်၍ ပျံကျဈေးသည်များအား ၁၇-၃-၂၀၁၀ ရက်က ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဝရိန်ညှော်နံ့နှင့် ထုရိုက်သံများကြောင့် ကျန်းမာရေးထိခိုက်

၁-၂-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သထုံမြို့ အောက်ကျင်းရပ်ကွက် ဘူတာလမ်း ဘုံကျောင်းအနီးရှိ တွင်ခုံရုံနှစ်ရုံမှ ဝရိန်ဆက်ခြင်းလုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်နေရာ ထွက်ပေါ်လာသော ထုရိုက်သံနှင့် ညှော်နံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နေအိမ်တိုက်တာအဆောက်အအုံများနှင့် ဖွံ့ဖြိုးတိုးတက်လာသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့လယ်တစ်နေရာ....။

တိုးတက်မှုဖြာဝေ ရှမ်းအရှေ့မြေမှ
ဖွံ့ဖြိုးမှုအလှယှိဖိတ် မြို့တာချီလိတ်

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ) ➢ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၂၈

မြင့်မားသော နေအိမ်တိုက်တာများ ဖြောင့်တန်းသန့်ရှင်းနေသော မြို့တွင်းရှိ ဗိုလ်ချုပ်လမ်းမ၊ ယင်းလမ်းမကြီး၏ ဝဲယာတစ်ဖက်တစ်ချက်တွင် နောက်ဆုံးပေါ် ခေတ်မီအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ ရောင်းချသည့် *စာမျက်နှာ ၈ ကော်လံ ၁* ❒

ထူးခြားသည့် နေ့အပူချိန်

၂၈-၃-၂၀၁၀

မန္တလေး၊ မြင်းခြံ၊ နေပြည်တော်ပျဉ်းမနား၊ ကျောက်ဆည်၊ ချောက်၊ ပခုက္ကူနှင့် ဘားအံမြို့တို့တွင် နေ့အပူချိန်မှာ ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သန့်ရှင်းသောသောက်သုံးရေကို အပြည့်အဝသောက်သုံးပါက အသည်းနှင့် ကျောက်ကပ်ကင်ဆာများ ကာကွယ်နိုင်ဟုဆို

သောက်သုံးရေသန့်ကို ခန္ဓာကိုယ်အတွက် အပြည့်အဝ မသောက်သုံးပါက အသည်းကင်ဆာနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

29-3 (20).pmd 1 3/29/2010, 2:16 AM